# လူထုအောင်သစ်ဒီမိုကရက်တစ်ပါတီ

ပါတီ စည်း ရုံး ရေး စာ စဉ်

နိုဝင်ဘာ၊ ၂၀၂၄



“ အမျိုးသမီးများအား အကြမ်းမဖက်ရေး အစဉ်တစိုက် တိုက်ပွဲဝင်ပေး ”

NOV 25

#|IWD | DPNS | YNS

ဒီ လ စ ကား

# ကျနော်တို့ရဲ့ကလေးတွေကို ဘယ်နေရာမှာကြီးပြင်းစေမလဲ

**တရုတ်ပြည်ရဲ့ ပညာရှိကြီးဖြစ်တဲ့ မင်းရှပ်စ်ကို အားလုံး ကြားဖူးကြမယ် ထင်ပါတယ်။**

မင်းရှပ်စ် ကလေးပေါက်စအရွယ်လောက်က မင်းရှပ်စ်ရဲ့မိခင် စဉ်းစားဆောင်ရွက်ခဲ့ပုံလေးက ရင်ထဲ တော်တော်ထိတယ်။ သူ့သားပေါက်စအရွယ်လေးမှာ သူတို့အိမ်က သင်္ချိုင်းကုန်းရှေ့ သင်္ချိုင်းအဝင် မုခ်ဦးနှင့် မျက်စောင်းထိုးမှာလို့ ဆိုပါတယ်။ ဒီလိုနေလာတာလည်း ကြာပြီဆိုတော့ အမှုမဲ့အမှတ်မဲ့ပဲ။ စိတ်ထဲ ဘယ်လိုမှ မရှိခဲ့ပါဘူး။ ဒီလိုပဲ အေးအေးဆေးဆေး နေမြဲအတိုင်း နေခဲ့ကြတာပါ။

ဒါပေမဲ့ တရက်မှာ မင်းရှပ်စ်လေး ကစားနေတာ မြင်လိုက်တော့ သူ့မိခင် ကြက်သီးမွေးညင်းပါ ထသွားတယ် ဆိုပါတယ်။ မင်းရှပ်စ်လေးက မသာချတမ်း ကစားနေတာကိုး။ ဟုတ်တာပဲ။ မင်းရှပ်စ် ပေါက်စလေးအတွက် တနေ့တနေ့ ကြည့်စရာ၊ ကြားစရာ မြင်ကွင်းက မသာချတဲ့မြင်ကွင်းတွေပဲ ဖြစ်နေတာကိုး။ တော်ပြီ ဒီပုံအတိုင်းဆို ငါ့သားလေး ကြီးလာရင် သင်္ချိုင်းစောင့်၊ စဏ္ဍာလ ဖြစ်သွားတော့မယ်၊ ဒီအိမ်မှာ ဆက်နေလို့ မဖြစ်ဘူးဆိုပြီး ချက်ချင်း အိမ်ပြောင်းခဲ့ကြတယ် ဆိုပါတယ်။

ဒီလိုနဲ့ ဈေးလမ်းမကြီးပေါ် ပြောင်းခဲ့ကြတယ်တဲ့။ အဲဒီအိမ်ကို ပြောင်းပြီးမှပဲ ကလေးလည်း မသာချတမ်း ကစားတာ ရပ်သွားတော့တယ်။ ဘုရားကယ်လို့ တော်ပါသေးရဲ့။ စောစောသိလိုက်ပေလို့ ဆိုပြီး စိတ်အေးသွားရတော့တာပေါ့။ တရက်မှာတော့ မင်းရှပ်စ်လေးဟာ ရာဇူအသေးလေးကိုင်ပြီး ဈေးရောင်းတမ်း ကစားနေတာ သူ့မိခင်က တွေ့လိုက်ရတယ်။ ဟယ် ဒီလိုလည်း မဖြစ်သေးပါဘူး။ ဒီအတိုင်း သာ ဆိုရင် ငါ့သားလေး ကြီးလာရင် ဈေးသည်ဖြစ်တော့မယ်။ ကုန်သည်ပွဲစား ဖြစ်တော့မယ်။ အဲလို မဖြစ်စေချင်ဘူး။ အဲလို အဖြစ်မခံနိုင်ဘူး ဆိုပြီး အိမ်ပြောင်းဖို့ ထပ်စီစဉ်ပြန်တယ် ဆိုပါတယ်။

ဒီတခါကျ အိမ်ကို တက္ကသိုလ်ကျောင်းသားတွေကို စာသင်ပေးနေတဲ့ ပါမောက္ခကြီးအိမ်ရဲ့ မျက်နှာချင်းဆိုင်အိမ်ကို ပြောင်းလာခဲ့ကြပါတယ်။ ဒီအိမ်သစ်မှာနေတာ အတန်ကြာလာတဲ့အခါ မင်းရှပ်စ်လေးက ကျမ်းစာအုပ်ကိုင်ပြီး လေ့လာလိုက်၊ တပည့်တွေကို ပို့ချပေးလိုက်နဲ့ ပါမောက္ခကြီးလုပ်တမ်း ကစားနေတာ တွေ့ရတယ်တဲ့။ အဲဒါကို မြင်မှပဲ သူ့မိခင်လည်း ရင်ထဲက အလုံးကြီးကျသွားပြီး အဲဒီအိမ်မှာ ကလေးကြီးတဲ့ထိ တောက်လျှောက်နေသွားဖို့ ဆုံးဖြတ်လိုက်တော့တယ်။ ဒီလိုနဲ့ပဲ သူ့သားလေး ကြီးပြင်းလာတဲ့အခါ တရုတ်တပြည်လုံးက ရိုသေကိုင်းရှိုင်းကြရတဲ့ ပညာရှိကြီးမင်းရှပ်စ် ဖြစ်လာခဲ့တယ်လို့ ဆိုပါတယ်။

မိခင်တယောက်ရဲ့သောကကို ဖော်ပြတဲ့ ဒီအဖြစ်လေးက စဉ်းစားစရာတွေ အတော်ရပါတယ်။ ကလေးတယောက် ရှင်သန်ကြီးပြင်းစရာ ဝန်းကျင်ကောင်းတခု အမှန် လိုအပ်ပါတယ်။ ရှင်သန်ကြီးပြင်းစရာ

အခြေအနေကောင်းတွေ အမှန်လိုအပ်ပါတယ်။ နှင်းသည်းတဲ့နေ့တွေမှာ ပဲစေ့လေးတွေ အပင်ပေါက်နေးတယ် ဆိုတဲ့စကားက ဒါကိုပြောတာပဲ မဟုတ်လား။ မိုးခေါင်ရေရှားပြီး ဆပ်ပြာပေါက်နေတဲ့ ကြပ်တီးကုန်းမှာ အပင်ကြီးအပင်ကောင်း ဘယ်မှာ ပေါက်နိုင်၊ ရှင်သန်ကြီးပြင်းနိုင်တော့မှာလဲ။ ဒါကြောင့် မင်းရှုပ်စ်ရဲ့အမေဟာ သူ့သားကို ကောင်းမွန်တဲ့ဝန်းကျင်မှာ ကြီးပြင်းစေခဲ့တာပါ။ အလွန်မှန်ကန်တဲ့ စဉ်းစားဆောင်ရွက်ခဲ့မှု ဖြစ်ပါတယ်။

ကနေ့ စစ်ကောင်စီ မင်းအောင်လှိုင်ကရော ကျနော်တို့ ကလေးတွေကို ဘယ်လို ဝန်းကျင်မျိုး ဖန်တီးပေးနေပါသလဲ။ စစ်အာဏာသိမ်းပြီး ၃ နှစ်ခွဲကျော်ကာလအတွင်းမှာ သူ ဖန်တီးပေးထားတဲ့ ဝန်းကျင်က နေအိမ်နဲ့ အဆောက်အဦပေါင်း တသိန်းကျော်ကို မီးရှို့ဖျက်ဆီးခံနေရတဲ့ ဝန်းကျင်။

ဘယ်လိုမှ နေလို့မရတော့တာကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးရသူ စစ်ပြေးဒုက္ခသည်ပေါင်း ၆.၆ သန်းကျော် ရှိနေတဲ့ဝန်းကျင်။

အရပ်သူ အရပ်သားတွေ သေဆုံးမှု၊ ပစ်ခတ်သတ်ဖြတ်ခံရမှုပေါင်း ၈၈၀၀ ကျော် ရှိတဲ့ဝန်းကျင်။ ဘုန်းကြီးကျောင်းတွေ၊ ဘာသာရေးအဆောက်အဦတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ မြို့မဈေးကြီး တွေပါမကျန် အရပ်သားတွေကို ပစ်မှတ်ထားပြီး လေကြောင်းတိုက်ခိုက်မှုပေါင်း ၇၁၀၀ ကျော်အောင် သဲကြီးမဲကြီး ပုံးကျဲတိုက်ခိုက်သတ်ဖြတ်တာ ခံနေရတဲ့ဝန်းကျင်။

ပုဒ်မအမျိုးမျိုးတပ်ပြီး မတရားဖမ်းဆီးခံရသူပေါင်း ၂၇၆၉၄ ဦး၊ အကျဉ်းစခန်းတွေထဲမှာ ထိန်းသိမ်းခံထားရသူပေါင်း ၂၁၁၃၇ ဦး၊ ထောင်ဒဏ်ချမှတ်ခံရသူပေါင်း ၉၅၂၆ ဦး၊ သေဒဏ်ချမှတ် ခံရသူပေါင်း ၁၇၀ ဦး ရှိနေတဲ့ဝန်းကျင်။

အသက် ၁၈ နှစ်အောက် ကလေးငယ် အဖမ်းခံရသူ ၅၇၇ ဦး၊ သေဆုံးသူ ၆၇၁ ဦး ရှိတဲ့ ဝန်းကျင်။



အမျိုးသမီး အဖမ်းခံရသူ ၅၇၄၇ ဦး၊ သေဆုံးသူ ၁၂၈၃ ဦး ရှိတဲ့ ဝန်းကျင်။

ဒီလိုဝန်းကျင်မျိုးမှာ ကျနော်တို့ကလေးတွေ ဘယ်လို ဆော့ကစားကြရမလဲ။ စစ်ရှောင်လုပ်တမ်းလား၊ စစ်ပြေးဒုက္ခသည်လုပ်တမ်းလား၊ ဗုံးခိုကျင်းတူးတမ်းလား။

အိမ် မီးရှို့ခံရလို့၊ အဖေ အသတ်ခံရလို့၊ အမ အစော်ကားခံရလို့၊ အကို စက်သေနတ်နဲ့ အပစ်ခံရလို့၊ ဆရာကိုဖမ်းပြီး ရက်ရက်စက်စက် ခေါင်းဖြတ်အသတ်ခံရလို့ ယူကြုံးမရဖြစ်နေရတဲ့ ခေတ်သစ် ပဋာစာရီ လုပ်တမ်းလား။

မင်းအောင်လှိုင်က ကျနော်တို့ကလေးတွေကို ဘာလုပ်တမ်း ကစားစေချင်တာလဲ။

ကျနော်တို့ကလေးတွေကို ဘယ်လို ရှင်သန်ကြီးပြင်းစေချင်တာလဲ။

ကျနော်တို့ကလေးတွေကို ကြီးလာရင် ဘယ်လိုလူမျိုး ဖြစ်သွားစေချင်တာလဲ။

မင်းအောင်လှိုင်တို့ စစ်အုပ်စုတသိုက်ကတော့ ကျနော်တို့ရဲ့ ပစ္စုပ္ပန်ကို မီးလောင်တိုက် သွင်းနေရုံတင် အားမရဘဲ ကျနော်တို့ကလေးတွေရဲ့ အနာဂတ်တွေကိုပါ မီးလောင်တိုက် ကျကျနန သွင်းနေကြတာ ဖြစ်ပါတယ်။

ကလေးတွေကို စစ်အုပ်စုစိတ်ကြိုက်ဖန်တီးထားတဲ့ ဝန်းကျင်မျိုးမှာ မကြီးပြင်းစေချင်ရင်၊ ကလေးတွေရဲ့အနာဂတ်ကို ကလေးတွေကိုယ်တိုင် ဖန်တီးခွင့် ပိုင်ဆိုင်ခွင့် ရစေချင်ရင် တရုတ်ပညာရှိကြီး မင်းရှပ်စ်ရဲ့အမေ လုပ်သလို ကလေးတွေ ကြီးပြင်းရမယ့် ဝန်းကျင်ကို ပြောင်းကို ပြောင်းလဲပစ်ကြရမှာ ဖြစ်ပါတယ်။ မင်းရှပ်စ်အမေ အိမ်ပြောင်းသလိုမျိုး ကျနော်တို့လည်း အိမ်ပြောင်းကြရပါလိမ့်မယ်။ ကျနော်တို့ ကလေးတွေကို ဝန်းကျင်ကောင်းမှာ ရှင်သန်ကြီးပြင်းခွင့် ပေးကြရပါလိမ့်မယ်။

ဝန်းကျင်ဆိုးကိုဖန်တီးနေတဲ့ မင်းအောင်လှိုင်ကိုရော စစ်အာဏာရှင်စနစ်ကိုပါ အမြစ်ပါမကျန်အောင် အမြန်ဆုံး ဖယ်ရှားဖျက်သိမ်းပစ်နိုင်မှသာ ကျနော်တို့ကလေးတွေရဲ့အနာဂတ်ကို ကျနော်တို့ ပြန်ရနိုင်မှာ ဖြစ်ပါတယ်။

ကျနော်တို့ကလေးတွေရဲ့ အနာဂတ်ကို ကျနော်တို့ မြန်နိုင်သမျှအမြန်ဆုံး ပြန်လည် ရယူကြပါစို့။ စနစ်ကိုပါ မြေလှန်ပစ်ပြီး ဝန်းကျင်သစ်တွေ၊ အိမ်အသစ်တွေ ဖန်တီးရယူကြပါစို့။

မှီငြမ်း။ ။ (၁) ISP Myanmar Website စာမျက်နှာ၊
(၂) AAPP Burma Website စာမျက်နှာ၊

၂၀၊ ၁၁၊ ၂၀၂၄။

# ပါတီဖွဲ့စည်းတည်ထောင်ခြင်းနေ့ ၃၆ နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် မန်းဝင်းခိုင်သန်း (ပြည်ထောင်စုဝန်ကြီးချုပ်၊ အမျိုးသားညီညွတ်ရေးအစိုးရ – NUG) ပြောကြားသည့်အမှတ်တရစကား



၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ၊ ၁၄ ရက်နေ့

မင်္ဂလာပါ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ခေါင်းဆောင်များနဲ့ အခမ်းအနားကို တက်ရောက်လာသူများကို အင်တာနက်အခက်အခဲကြောင့် အစည်းအဝေးကို အချိန်မီမဝင်ရောက်နိုင်တာကို ခွင့်လွှတ်နားလည်ပေးပါလို့ ဦးစွာတောင်းပန်ပါတယ်။ ယနေ့ကျင်းပတဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ထူထောင်ခြင်း (၃၆) နှစ်ပြည့်အခမ်းအနားကို တက်ရောက်လာကြတဲ့ အဖွဲ့အစည်းအသီးသီးရဲ့ တာဝန်ရှိသူများနဲ့ နွေဦးတော်လှန်ရေးကို ယနေ့ထက်ထိတိုင်အောင် မဆုတ်မနစ် ဖွဲလုံ့လတို့နှင့် ဆင်နွှဲနေတဲ့ တော်လှန်ရေးရဲဘော်များအားလုံး ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ရှစ်လေးလုံးလူထုအရေးတော်ပုံကြီးမှ စတင်သန္ဓေတည်ခဲ့တဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဟာဆိုရင် ဒီမိုကရေစီရေးနဲ့ ပြည်သူ့လွတ်လပ်ရေးအတွက် ပြည်သူများနှင့် အတူတကွ ရပ်တည်လှုပ်ရှားရင်း အာဏာရှင်အဆက်ဆက်ကို တွန်းလှန်တိုက်ပွဲဝင်ခဲ့တဲ့၊ သမိုင်းအစဉ်အလာကြီးမားတဲ့ နိုင်ငံရေးပါတီကြီးတခု ဖြစ်ပါတယ်။

ယခု နွေဦးတော်လှန်ရေးမှာလည်း (၃၆) နှစ်လုံးလုံး ရပ်တည်စွဲကိုင်ခဲ့တဲ့ ပါတီရဲ့မူဝါဒများအတိုင်း ပြည်သူများနှင့်အတူ တသားတည်း ရုန်းကန်တိုက်ပွဲဝင်နေတဲ့ ပါတီတခုလည်း ဖြစ်နေတာကြောင့် အထူးဂုဏ်ယူ ဝမ်းမြောက်မိသလို ပြည်သူများကိုယ်စား ကျေးဇူးတင်ကြောင်းလည်း ပြောကြားလိုပါတယ်။ ၃ နှစ်ကျော်အချိန်ကာလကို ရောက်ရှိလာပြီဖြစ်တဲ့ နွေဦးတော်လှန်ရေးဟာဆိုရင် တော်လှန်ရေးအင်အားစုအသီးသီးရဲ့ ခိုင်မာတဲ့စိတ်ဆန္ဒ၊ ရပ်တည်ချက်တို့နဲ့အတူ ပြည်သူတရပ်လုံးရဲ့ မလျှော့သောဇွဲ လုံ့လတို့ကြောင့် ယနေ့အချိန်ထိ အားမလျှော့စတမ်း တိုက်ပွဲဝင်နေကြတာ ဖြစ်ပါတယ်။ ကျနော်တို့ တော်လှန်ရေး စတင်ဆင်နွှဲခဲ့ကြတဲ့ အစောပိုင်းကာလတွေမှာ တော်လှန်ရေးအင်အားစုတွေအနေနဲ့ ဒီတိုက်ပွဲမှာ နိုင်ချေမရှိဘူးလို့ တွက်ဆခဲ့ကြတဲ့ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ တချို့သော ပညာရှင်တို့ရဲ့ တွက်ဆချက်တွေဟာ မှားယွင်းခဲ့ပြီဆိုတဲ့အကြောင်းကို ၂၀၂၃ ခုမှာ ကောင်းစွာ သိရှိနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

နှစ်ပေါင်းများစွာ တိုင်းပြည်အရင်းအမြစ်များနဲ့ အခိုင်အမာ တောင့်တင်းအောင် တည်ဆောက်ခဲ့တဲ့ အကြမ်းဖက်စစ်တပ်ကို ဘာအရင်းအမြစ်မှမရှိဘဲ ပြည်သူ့အင်အားတခုတည်းနဲ့ ယုံကြည်စွာ တိုက်ပွဲဝင်ခဲ့ကြတဲ့ တော်လှန်ရေးအင်အားစုတွေအနေနဲ့ ဒီကနေ့ ဒီလိုအခြေအနေထိ ရောက်နိုင်ဖို့ တော်ရုံတန်ရုံ ယုံကြည်ချက်တွေနဲ့ ရောက်လာကြတာတော့ မဟုတ်ပါဘူး။ ဒီကနေ့ ဒီအချိန်ထိ ကျနော်တို့ အတူတကွ ဖြတ်သန်းခဲ့ကြတဲ့ အချိန်ကာလတွေကို၊ အခြေအနေတွေကို ပြန်ကြည့်မယ်ဆိုရင် မပြည့်စုံတာတွေ လိုအပ်ချက်တွေ ရှိပေမယ့် ကျနော်တို့ အတော်လေး ကြိုးစားခဲ့ကြတာကို ပြန်မြင်ကြရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ပြီး သမိုင်းဖြတ်သန်းမှုတွေ မတူညီကြတဲ့၊ နောက်ခံအခြေအနေတွေ ကွဲပြားတဲ့ တော်လှန်ရေးအင်အားစုတွေဟာ တော်လှန်ရေးကို ချဉ်းကပ်ပုံ ကွဲပြားကောင်း ကွဲပြားကြပေမယ့် သွားချင်တဲ့ပန်းတိုင် တထပ်တည်း ဖြစ်နေတာက ဒီတော်လှန်ရေးကြီးအတွက် အကြီးမားဆုံး အင်အားတခု ဖြစ်စေခဲ့ပါတယ်။ ဒီအင်အားကပဲ ကျတော်တို့ကို ဒီထိရောက်အောင် တွန်းပို့ခဲ့တာ ဖြစ်ပါတယ်။ အခုဆိုရင် အရင်ကမရှိဖူးတဲ့ စုစည်းမှုတွေ၊ နားလည်မှုတွေနဲ့အတူ အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် ကျနော်တို့ မျှော်မှန်းတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီးအတွက်လည်း အားအင်ပြည့် ဆက်လက်ချီတက်နေကြတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။

ဒီတော်လှန်ရေးမှာ ကျနော်တို့ တော်လှန်ရေးအင်အားစုတွေဟာ အကြမ်းဖက်စစ်အုပ်စုကို တွန်းလှန်ရင်း တပြိုင်နက်တည်းမှာ ခေတ်အဆက်ဆက်မှာ အဖြေရှာမရနိုင်တဲ့ နိုင်ငံရေးပြဿနာတွေကိုလည်း ဖြေရှင်းလျက် ကြိုးစားရုန်းကန်နေကြတာဖြစ်ပါတယ်။ စစ်ရေးအရှိန်မြှင့်မှုတွေကို တွန်းအားပေးနိုင်တဲ့ နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းမှုတွေက အင်မတန်အရေးပါသလို နိုင်ငံတကာမျက်နှာစာမှာ ကျနော်တို့ အားလုံး အတူတကွ တိုက်ပွဲဝင်နေတယ်ဆိုတဲ့ သတင်းစကားမျိုးဟာလည်း အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် ဒီတော်လှန်ရေးမှာ စစ်ရေးကို အထူးအလေးပေး အာရုံစိုက်ပြီး အင်အားချိနဲ့နေပြီဖြစ်တဲ့ အကြမ်းဖက်စစ်တပ်ကို အပြီးတိုင် ဖြိုလှဲကြရမှာ ဖြစ်သလို၊ တဖက်က နိုင်ငံရေး၊ နိုင်ငံခြားရေး၊ အုပ်ချုပ်ရေး စတဲ့ ကဏ္ဍတွေကိုလည်း လျစ်လျူရှုထားလို့ မရပါဘူး။ ဒါကြောင့် ကျနော်တို့ အစုအဖွဲ့ အသီးသီးရဲ့ အင်အားတွေဟာ ကဏ္ဍတိုင်းအတွက် အင်မတန် အရေးပါနေကြောင်း ပြောကြားလိုပါတယ်။

ဒီတော်လှန်ရေးကို ဖြစ်နိုင်သမျှမြန်မြန် အောင်ပွဲနဲ့အတူ အဆုံးသတ်နိုင်ဖို့ အင်မတန် အရေးကြီးတဲ့ အချိန် ရောက်နေပြီဆိုတာ အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ဒီ ၃ နှစ်ကျော်ကာလအတွင်းမှာ ကျနော်တို့ ပြည်သူတွေဟာ ခံနိုင်ရည်ထက် ကျော်လွန်ပြီး ဒုက္ခမျိုးစုံ ခါးစည်းခံနေရတာ ဖြစ်ပါတယ်။ ဒါကြောင့် တော်လှန်ရေးခေါင်းဆောင်အသီးသီးအနေနဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုတွေ၊ စစ်ရေးအရ ပေါင်းစပ်ညှိနှိုင်းမှုတွေကို မြန်မြန်ဆန်ဆန် ကြိုးစားဆောင်ရွက်ကြရမယ့် အချိန်အခါလည်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ယနေ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ၃၆ နှစ်ပြည့် ပါတီထူထောင်ခြင်း အခမ်းအနားမှာ ပါတီခေါင်းဆောင်ကြီးများနှင့်တကွ ပါတီဝင်များအားလုံး အပါအဝင် ဒီနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ အစုအဖွဲ့အသီးသီးမှ ခေါင်းဆောင်ကြီးများအားလုံး ကိုယ်စိတ်ကျန်းမာ ကြံ့ခိုင်စွာဖြင့် ပြည်သူ့နွေဦးတော်လှန်ရေးတာဝန်များ ပြီးဆုံးသည်အထိ ကျနော်တို့ အတူတကွ ပူပေါင်း တိုက်ပွဲဝင်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

■

# လက်ငင်းအခြေအနေများကတောင်းဆိုနေပြီဖြစ်တဲ့ တိုက်ပွဲလမ်းစဉ်၊ လုပ်ငန်းစဉ်များ

လွန်းနွေငြိမ်း

လူမျိုးစုံပြည်သူလူထုကြီးရဲ့ ဘုံရန်သူဟာ စစ်အာဏာရှင်စနစ် တနည်းအားဖြင့် စစ် ၃ စစ် ဖြစ်တယ်။

နွေဦးတော်လှန်ရေးကြီးရဲ့ ရည်မှန်းချက် ၃ ရပ်က စစ်အာဏာရှင်စနစ် အကုန်အစင် ဖျက်သိမ်းရေး၊ ၂၀၀၈ ခြေဥ အပြီးအပိုင်ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဖြစ်တယ်။ ဒီအချက်တွေက ကနေ့ကာလ နိုင်ငံရေးအင်အားစုတိုင်း (လက်နက်ကိုင်၊ လက်နက်မကိုင် အင်အားစု အားလုံးရဲ့) ရင်ထဲ၊ အသည်းထဲကကို ခိုင်ခိုင်မာမာ နားလည်ယုံကြည်ထားကြတဲ့ အခြေခံတရားတွေ ဖြစ်တယ်။

ဒီရည်မှန်းချက်တွေ ပေါက်မြောက်အောင် အင်အားစုအသီးသီးဟာ ကိုယ့်လမ်းပြမြေပုံနဲ့ကိုယ် ကိုယ်စီ ချီတက်နေကြတာ ဖြစ်တယ်။ လမ်းပြမြေပုံချင်း မတူလို့ အဆင့်သတ်မှတ်ပုံချင်း အနည်းငယ်စီ ကွဲလွဲတာကလွဲရင် ပင်မကျောရိုးက အတော်ကြီး နီးစပ်ကြတယ်လို့ ကျနော် မြင်မိတယ်။ ကျနော့်အနေနဲ့ ရည်မှန်းချက်တူညီသူ၊ ရဲရဲဝံ့ဝံ့ ချီတက်လျှောက်လှမ်းနေသူ၊ လက်တွေ့အလုပ်လုပ်နေသူအားလုံးကို တန်ဖိုး ထားတယ်။ ကိုယ်နဲ့ အပြည့်မတူသေးသည့်တိုင် လေးစားတန်ဖိုးထားမှုကတော့ အပြည့်ပေးကြရလိမ့်မယ်လို့ ယုံကြည်ပါတယ်။

## အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ရဲ့ လမ်းပြမြေပုံ

၁။ စစ်အာဏာသိမ်းမှု အဆုံးသတ်နိုင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေးအတွက် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပြုတ်ကျသည်အထိ ဝန်ထမ်းများ၏ CDM လှုပ်ရှားမှုများအပါအဝင် လူထုအထွေထွေသပိတ်လှုပ်ရှားမှုများကို အဆက်မပြတ် ဆက်လက် လှုပ်ရှားဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ခြင်း၊ အားပေးခြင်းနှင့် ပံ့ပိုးကူညီခြင်း။

၂။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်း၍ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ခြင်း။

၃။ နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်များ ဆွေးနွေးအတည်ပြုနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများနှင့် သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်လူထုအဖွဲ့အစည်းများ လက်တွဲဆောင်ရွက်နိုင်သည့် အခင်းအကျင်း ဖော်ဆောင်ခြင်း။

၄။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကို ရေးဆွဲ အတည်ပြုခြင်း။

၅။ ဤပဋိညာဉ်နှင့်အညီ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ (Interim National Unity Government) ဖွဲ့စည်းခြင်း၊ ဥပဒေပြုရေးနှင့် တရားရေးမဏ္ဍိုင်ဆိုင်ရာ အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်း။

၆။ အာဏာရှင်စနစ် အပြီးတိုင် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူ အင်အားစုအားလုံးပါဝင်သော ပြည်သူ့ညီလာခံတရပ် ခေါ်ယူကျင်းပခြင်း။

၇။ အာဏာရှင်စနစ် ပပျောက်ရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် မဟာဗျူဟာချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၈။ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း။

၉။ အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းခြင်း။

၁၀။ တိုင်းပြုပြည်ပြုညီလာခံ (Constitutional Assembly) ခေါ်ယူကျင်းပပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုခြင်း။

၁၁။ တိုင်းပြုပြည်ပြုညီလာခံက ရေးဆွဲအတည်ပြုထားသည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုပြဋ္ဌာန်းခြင်းနှင့် ရွေးကောက်ပွဲကျင်းပခြင်း။

၁၂။ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များကို ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Constitutionalism) အရ လိုက်နာကျင့်သုံးခြင်း။

ကျနော့်နားလည်မှုအရဆိုရင် NUCC ဟာ သူ့လမ်းပြမြေပုံ အမှတ်စဉ် ၈ ကို ရောက်ရှိနေပြီလို့ ယူဆပါတယ်။ စစ်ရေးတိုက်ပွဲ၊ နိုင်ငံရေးတိုက်ပွဲ၊ သံတမန်ရေးတိုက်ပွဲ အပါအဝင် တိုက်ပွဲသဏ္ဍာန်အမျိုးမျိုးနဲ့ လှုပ်ရှားဆောင်ရွက်နေတယ်လို့ မြင်ပါတယ်။ လုပ်ကိုင်ဆောင်ရွက် ပြီးစီးသမျှတွေကို ပြည်သူ့ညီလာခံ ခေါ်ယူပြီး နိဂုံးချုပ်ကြ၊ အားနည်းချက်အားသာချက်တွေကို ဝေဖန်ဆန်းစစ်ကြ၊ ရှေ့လုပ်ငန်းစဉ် ရေးဆွဲချမှတ်ကြ၊ ပြီးတော့ ဆက်လက်အကောင်အထည်ဖော်ကြဆိုတာတွေ အစီအစဉ်တကျ လုပ်ဆောင်နေကြတယ်လို့ မြင်ပါတယ်။

စုဖွဲ့မှု ပိုမိုအားကောင်းရေး၊ စုပေါင်းခေါင်းဆောင်မှု အားကောင်းရေး၊ တိုက်စွမ်းရည် အားကောင်းရေးတွေက အောင်ပွဲကို အရယူနိုင်ခြင်းနဲ့ တိုက်ရိုက် အချိုးကျပါတယ်။ ဒါကိုလည်း သိမြင်မှုရှိရှိ အလုပ်လုပ်နေကြတယ်လို့ ကျနော် ယူဆပါတယ်။ အားနည်းချက်တွေ တစုံတရာ ရှိနေသေးတယ် ဆိုပေမဲ့ လူထုကိုမျက်နှာမူပြီး ချီတက်နေကြတယ်ဆိုတာ သေချာပါတယ်။

အမှတ်စဉ် ၈ ပြီးရင် အမှတ်စဉ် ၉ ဖြစ်တဲ့ အသွင်ကူးပြောင်းရေးကာလအစိုးရ ဖွဲ့ကြတော့မှာ ဖြစ်ပါတယ်။ ဘယ်လို အနေအထားမှာ ဘယ်လို လုပ်ဆောင်ချက်တွေနဲ့အတူ ဖွဲ့စည်းကြမလဲ ဆိုတာကို အတိအကျ ရည်ညွှန်းထားတာ မတွေ့ရပါဘူး။ ဆိုလိုတာက တွေ့ဆုံဆွေးနွေးရေးလုပ်ပြီး ဖွဲ့မယ်၊ စစ်အနိုင်တိုက်ပြီး ဖွဲ့မယ်ဆိုတာ ကွဲကွဲပြားပြား ဖော်ပြမထားဘူးလို့ ပြောချင်တာဖြစ်ပါတယ်။

၂ မျိုးလုံးဖြစ်နိုင်တယ်လို့ ယူရမလား။ ဒီလို ဖက်ဆစ်မိစ္ဆာကောင်တွေနဲ့ ဆွေးနွေးရေးကို စကားထဲတောင် ထည့်မပြောဘူးဆိုတဲ့ သဘောလို့ ယူရမလား။ ဒီမှာတော့ အတိအကျ ထည့်သွင်းပြောကြားထားတာ မရှိပါဘူး။

**ဖက်ဒရယ်ဖော်ဆောင်ရေးပြည်သူ့ကိုယ်စားလှယ်များကော်မတီ (PRCF) ရဲ့ လမ်းပြမြေပုံ**

(က) ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ (De Judy Representatives) နှင့် လူထုကိုယ်စားလှယ်များ (De Facto Representatives) ဖြင့် ကော်မတီများဖွဲ့စည်း၍ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ခြင်း။

(ခ) ဦးတည်ချက်၊ ရည်ရွယ်ချက်ချင်းတူညီသော နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ ဖက်ဒရယ်ဒီမိုကရေစီအရေး တော်လှန်လှုပ်ရှားနေသော အင်အားစုများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများပါဝင်သည့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး ယန္တရား(Coordination Body) ဖွဲ့စည်း၍ လုပ်ငန်းများ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်း။

(ဂ) သင့်တင့်မျှတသော နိုင်ငံရေးအခင်းအကျင်း ပေါ်ပေါက်လာရေး ဆောင်ရွက်ခြင်း။

(ဃ) အင်အားစုအသီးသီးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး ပြုလုပ်ခြင်းနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့် အချိန်ဇယား သတ်မှတ်ခြင်း။

(င) အင်အားစုအသီးသီးပါဝင်သော ကြားကာလအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်း၊ ကြားကာလဆိုင်ရာ အစီအမံများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

(စ) ဖက်ဒရယ် ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းနှင့် အသွင်ကူးပြောင်းရေးကာလဆိုင်ရာ အချိန်ဇယား၊ အစီအမံများချမှတ်ခြင်း။

(ဆ) ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းပြုပြည်ပြုညီလာခံ ခေါ်ယူပြီး အတည်ပြုခြင်းနှင့် လူထုဆန္ဒခံယူပွဲ ကျင်းပပြုလုပ်ပြီး အတည်ပြုပြဋ္ဌာန်းခြင်း။

(ဇ) ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပခြင်း။

(ဈ) အသွင်ကူးပြောင်းရေးကာလ အစီအမံများကို သတ်မှတ်အချိန်ဇယားအတိုင်း ဖော်ဆောင်ခြင်းနှင့် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်များအား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

(ည) ဖွဲ့စည်းပုံအခြေခံဥပဒေ ပဓာနဝါဒ (Constitutionalism) ကို လိုက်နာကျင့်သုံးခြင်း။

ကျနော့်နားလည်မှုအရ PRCF ဟာ သူ့လမ်းပြမြေပုံ အမှတ်စဉ် (ဂ) ကို ရောက်ရှိနေတယ်လို့ မြင်ပါတယ်။ သူဟာလည်း သူကျွမ်းကျင်ရာ နိုင်ငံရေး၊ သံတမန်ရေးတိုက်ပွဲသဏ္ဍာန်တွေနဲ့ တိုက်ပွဲဆက်နေကြတယ်။ အခါအားလျော်စွာ ဆောင်ရွက်ပြီးစီးသမျှကို နိဂုံးချုပ်ကြ၊ ဝေဖန်ဆန်းစစ်ကြ၊ ရှေ့လုပ်ငန်းစဉ်တွေချမှတ်ကြ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြ ဆိုတာတွေကို တွေ့ရပါတယ်။

အင်အားအရ၊ နိုင်ငံရေးအရ၊ လုပ်ကိုင်နိုင်စွမ်းအရ ပိုမိုအားကောင်းပြီး လှုပ်ရှားမှုကြီးအတွင်း

ပိုမိုပါဝင် ပိုမိုထမ်းရွက်နိုင်အောင် ကြိုးစားကြဖို့ သံဓိဋ္ဌာန်ချ ဆောင်ရွက်နေကြတာ တွေ့ရပါတယ်။

PRCF ကတော့ အမှတ်စဉ် (ဂ) အသေအချာပြင်ဆင်ပြီးရင် အမှတ်စဉ် (ဃ)အရ အင်အားစု အသီးသီး ပါဝင်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးကို ပြုလုပ်ကြမှာဖြစ်ပြီး အမှတ်စဉ် (င) အရ အင်အားစု အသီးသီးပါဝင်တဲ့ ကြားကာလအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းသွားကြမှာ ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ အဲဒီအဆင့်နောက်ပိုင်း ဆက်လက်ဆောင်ရွက်ကြမယ့် ကိစ္စရပ်တွေကတော့ NUCC က အသွင်ကူးပြောင်း ရေးကာလ အစိုးရဖွဲ့စည်းပြီး ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းရပ်တွေနဲ့ တူညီတယ် သို့မဟုတ် အများကြီး နီးစပ်တယ်လို့ ကျနော်တော့ သဘောရမိပါတယ်။

## K2C ရဲ့ ဘုံသဘောထားရပ်တည်ချက်

၂၀၂၄၊ ဇန်နဝါရီ ၃၁ ရက်နေ့မှာ K2C+ NUG က ဘုံသဘောထားရပ်တည်ချက်တရပ် ထုတ်ပြန် ကြေညာထားပါတယ်။ ထည့်ပြီး မဖော်ပြထားပေမဲ့ K3C + NUG လို့ ယူဆကြတာလည်း ရှိပါတယ်။ ဒီဘုံသဘောထားရပ်တည်ချက်ကို မဟာမိတ်အင်အားစုအသီးသီးနဲ့ ဆက်လက်ပူးပေါင်းညှိနှိုင်းပြီး အစွမ်းကုန် ဆောင်ရွက်သွားကြမယ် ဆိုတာကိုလည်း ကြေညာချက်မှာ တပါတည်း ဖော်ပြထားတာ တွေ့ရပါတယ်။ K2C+ NUG က မျှော်မှန်းချက် ၁ ရပ်၊ ဦးတည်ချက် ၆ ရပ်၊ ရပ်တည်ချက် ၉ ရပ်၊ လုပ်ငန်းစဉ်အဆင့် ၆ ရပ်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားတာ တွေ့ရပါတယ်။

လမ်းပြမြေပုံလို့ ပြောရမယ့် လုပ်ငန်းစဉ်အဆင့် (၁) မှာ မြန်မာစစ်တပ်တာဝန်ရှိသူများအနေဖြင့် နိုင်ငံရေးဦးတည်ချက် ၆ ရပ်ကို လက်ခံလာလျှင် စစ်အာဏာသိမ်းမှုအဆုံးသတ်ခြင်းနှင့် အေးချမ်းတည်ငြိမ်စွာ အာဏာလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဆွေးနွေးခြင်း ဆိုတာ ပြုလုပ်မယ်လို့ ဖော်ပြပါတယ်။ ဒီမှာ တချက် သတိထားရမှာက မြန်မာစစ်တပ်တာဝန်ရှိသူတွေက နိုင်ငံရေးဦးတည်ချက် ၆ ရပ်ကို လက်ခံမှသာ ဆွေးနွေးမှာဖြစ်ပါတယ်။ လက်မခံရင် လုံးဝ မဆွေးနွေးဘူးဆိုတာဖြစ်ပါတယ်။ ကိုယ်လုပ်စရာ ရှိတဲ့ အလုပ်တွေကို ကိုယ့်အစီအစဉ်အတိုင်း ဆုံးခန်းတိုင်အောင် ဆက်လုပ်သွားကြမှာ ဖြစ်ပါတယ်။

ဆွေးနွေးတဲ့နေရာမှာလည်း စေ့စပ်ကျေအေးရေး ဆွေးနွေးကြမှာမျိုးမဟုတ်ဘဲ စစ်အာဏာသိမ်းမှု အဆုံးသတ်ခြင်းနှင့် အေးချမ်းတည်ငြိမ်စွာ အာဏာလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဆွေးနွေးမှာ ဖြစ်တယ်လို့ အတိအကျပြောဆိုထားတာ ဖြစ်ပါတယ်။

ပြီးရင် အဆင့် (၈–၁) မှာ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းတာ၊ အဆင့်(၈–၂) မှာ တော်လှန်ရေးအင်အားစုများမှ ပါဝင်သင့်သူများပါဝင်တဲ့ အသွင်ကူး ပြောင်းရေးကာလ အမျိုးသားညီညွတ်ရေးအစိုးရ (T-NUG) ကို ဖွဲ့စည်းတာတွေ လုပ်သွားမယ်လို့ ပါရှိ ပါတယ်။

အသွင်ကူးပြောင်းရေးကာလ အမျိုးသားညီညွတ်ရေးအစိုးရ (T-NUG) က ဆက်လက်တာဝန်ယူ ဆောင်ရွက်သွားမယ့် လုပ်ငန်းတွေကတော့ NUCC ရဲ့ အသွင်ကူးပြောင်းရေးကာလအစိုးရ၊ PRCF ရဲ့ ကြားကာလအာဏာပိုင်အဖွဲ့တို့ ဆောင်ရွက်သွားကြမယ့် လုပ်ငန်းရပ်များအတိုင်း လုပ်ဆောင်သွားကြမှာ ဆိုတာ တွေ့ရပါတယ်။

## နိုင်ငံတကာက သိုင်းနေဝိုင်းနေကြတဲ့ ဇာတ်ညွှန်းများ

အာဆီယံ၊ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ US ဘယ်သူမဆို ရေးနေကြတဲ့ ဇာတ်ညွှန်းတွေက အားလုံးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးရေး ဖြစ်ပါတယ်။ အခြေခံအားဖြင့် မမှားဘူးလို့ ယူဆရပေမယ့် သူတို့ရဲ့ မျှော်မှန်းမှုက ၂၀၂၁ အာဏာမသိမ်းခင်က အခင်းအကျင်းဆီ ပြန်သွားရေးလောက် ဖြစ်နေကြတယ်။ လူမျိုးစုံလူထုကြီး ရောက်ရှိနေတဲ့နေရာ၊ လူမျိုးစုံလူထုကြီးရဲ့ ပြင်းပြတဲ့ဆန္ဒသဘောထားတွေကို မလွှမ်းခြုံနိုင်ဘူး၊ မထင်ဟပ်ဘူး ဖြစ်နေပါတယ်။

တရုတ်နိုင်ငံဆိုရင် အားလုံးပါဝင်တဲ့ ရွေးကောက်ပွဲဆိုတာမျိုး စဉ်းစားတာ၊ အကြံပြုတာ ရှိတယ်လို့ ကြားရတယ်။ ဒါလည်း ၂၀၀၈ ခြေဥအောက်မှာလုပ်တဲ့ရွေးကောက်ပွဲပဲဖြစ်နေတော့ နွေဦးတော်လှန်ရေးကြီးအတွက် ဆေးမဖြစ်ဘဲ ဘေးဖြစ်နေတာဖြစ်ပါတယ်။ ဒါကို နိုင်ငံတကာမိတ်ဆွေများ အသေအချာ နားမလည်ကြတာလား၊ နားလည်ပါလျက်နဲ့ အလွယ်လိုက်နေကြတာလား၊ သူတို့ပဲသိတော့မယ် ထင်ပါတယ်။

## စကစက တိုးထွက်ဖို့ ကြံစည်နေတဲ့ ခွေးတိုးပေါက်

စကစကတော့ ၂၀၂၅ မှာ ရွေးကောက်ပွဲ လုပ်ပေးတဲ့နည်း၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးတဲ့နည်း၊ ဆွေးနွေးပြီး ပါတီထောင် ရွေးကောက်ပွဲဝင်ခိုင်းတဲ့နည်း စသည်ဖြင့် သူ့အတွက် ခွေးတိုးပေါက်တပေါက်စာ အသည်းအသန်ရှာနေတာ ဖြစ်ပါတယ်။ ဘယ်လောက်ကျဉ်းတဲ့ အပေါက်ပဲဖြစ်ဖြစ် ခွေးတိုးသလိုတိုးပြီး လူမျိုးစုံပြည်သူလူထုကြီးကို ၂၀၀၈ ခြေဥအောက် ပြန်ထည့်ထားရေး၊ စစ်ဖိနပ်အောက်ပြန်ထားရေး ရည်မှန်းချက်ကို အသေဆုပ်ထားတာ ဖြစ်ပါတယ်။ ထွက်ပြေးခါမှပြေးရော မပြေးခင်ထိတော့ လေသံမပြောင်းဘူး ဆိုတဲ့အချိုး ဖြစ်ပါတယ်။

## ချမှတ်ဖော်ဆောင်ကြရမယ့် ဘုံသဘောထားနဲ့ တိုက်ပွဲလမ်းစဉ်၊ လုပ်ငန်းစဉ်များ

ကျနော်တို့ ဘာလုပ်ကြမလဲ။

စစ်အုပ်စုကို နိုင်ငံရေးထဲက မောင်းထုတ်ဖို့ အားလုံး ဆုံးဖြတ်ပြီး ဖြစ်တယ်။

၂၀၀၈ ခြေဥအောက် ပြန်ရောက်စေမယ့် ဘယ်လုပ်ရပ်မျိုးကိုမဆို လုံးဝ လက်မခံတာချင်းလည်း တူတယ်။

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဟာ အန္တိမရည်မှန်းချက်ဆိုတာလည်း တူတယ်။

တဦးချင်းတဖွဲ့ချင်းနဲ့ အောင်ပွဲမရနိုင်ဘူး၊ စုပေါင်းခေါင်းဆောင်မှုနဲ့ ညီညွှတ်တဲ့တပ်ပေါင်းစုနဲ့သာ အဆုံးအဖြတ်တိုက်ပွဲကို အနိုင်တိုက်နိုင်မယ်ဆိုတာကိုလည်း စွဲစွဲမြဲမြဲ နားလည်ယုံကြည်ကြတယ်။

ကျနော်တို့မှာ တူတာတွေက အရာအထောင်မကရှိပြီး မတူသေးတာက တခု နှစ်ခုမျှသာ ရှိတော့တယ်လို့ ယူဆမိပါတယ်။ မညှိနိုင်စရာ၊ ညှိနှိုင်းလို့ မရနိုင်စရာ လုံးလုံးမရှိဘူးလို့ ယုံကြည်ပါတယ်။ အဲဒါကြောင့်မို့လို့ ...

ဘုံသဘောထားတရပ်ချမှတ်ဖို့၊ ညှိနှိုင်းသဘောတူထားတဲ့ ဘုံတိုက်ပွဲလမ်းစဉ်၊ လုပ်ငန်းစဉ်တွေ ချမှတ်ဖို့၊ သံပူခိုက်မှာ အားစိုက်ထုနှက်ကြဖို့၊ ညီညီညွှတ်ညွှတ်နဲ့ အဆုံးသတ်တိုက်ပွဲအတွက်

အစွမ်းကုန်အရှိန်မြှင့်ကြဖို့ အဖွဲ့အစည်းအသီးသီး၊ အင်အားစုအသီးသီးကို အလေးအနက် ပန်ကြားတိုက်တွန်းလိုက်ပါတယ်။

မှီငြမ်း။  ။ (၁) NUCC ၏ ဖက်ဒရယ်ပဋိညာဉ်ချာတာ အစိတ်အပိုင်း ၁

(၂) PRCF ၏ ဖွဲ့စည်းမှုနှင့်အခြေခံမူများ

(၃) K2C+ NUG ၏ ဘုံသဘောထားရပ်တည်ချက်

**လွန်းနွေငြိမ်း**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်။

## ရဲဘော်တင်ကိုဦး၏ရျာပနအခမ်းအနား

ကွယ်လွန်သွားသော ရဲဘော်တင်ကိုဦး ၈၈ မျိုးဆက်၊ ဗကသ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မျိုးချစ်ဒီမိုကရက်တစ်လူငယ်တပ်ပေါင်းစု(မြန်မာနိုင်ငံ)၏ ရျာပနကို အမေရိကန်ပြည်ထောင်စု၊ ဆန်ဖရန်စစ္စကိုမြို့၊ ဘေရေိယာ ''ဥက္ကလံ''(Oakland)မြို့၌ (၁၆–၁၁–၂၀၂၄) စနေနေ့တွင် ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။



# ပါတီဖွဲ့စည်းတည်ထောင်ခြင်း (၃၆) နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတွင်ပြောကြားသည့်

# ဦးမျိုးကျော်

## (ဖက်ဒရယ်ဖော်ဆောင်ရေးပြည်သူ့ကိုယ်စားလှယ်များကော်မတီ – PRCF)


## ပြောကြားသည့် အမှတ်တရစကား

အောက်တိုဘာ၊ ၁၄၊ ၂၀၂၄။

အားလုံးပဲ မင်္ဂလာပါ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တည်ထောင်ခြင်း ၃၆ နှစ်ပြည့် အခမ်းအနားမှာ ဖက်ဒရယ်ဖော်ဆောင်ရေး ပြည်သူ့ကိုယ်စားလှယ်များကော်မတီ (PRCF) ကိုယ်စား ပြောခွင့်ရတဲ့အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ဟာဆိုရင် သမိုင်းဝင် ရှစ်လေးလုံးအရေးတော်ပုံကြီး က စတင်ပြီး၊ ကျောင်းသားလူငယ်များ ဦးဆောင်ပြီး တည်ထောင်လာတာမှာ ခုဆိုရင် ၃၆ နှစ်တင်းတင်း ပြည့်ခဲ့ပါပြီ။ အခက်အခဲကြားထဲမှာ ပေးဆပ်မှုများစွာနဲ့ တည်ထောင်လာတဲ့ပါတီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျနော်တို့အနေနဲ့ နိုင်ငံရေးအရ အများကြီးတန်ဖိုးထားပါတယ်။ လေးစားတယ်။ ကျနော်တို့က လူငယ်တွေ ကို တန်ဖိုးထားပါတယ်။ တဆက်တည်းမှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာ နိုင်ငံရေးမျိုးဆက်သစ် များစွာကိုလည်း ပြည်ထောင်စုအရေးအတွက်၊ ငြိမ်းချမ်းရေးအတွက် ပြုစုပျိုးထောင်လာသည်မှာလည်း အရင်ကလည်း ပြုစုပျိုးထောင်လာတာတွေ အများကြီးရှိသလို လက်ရှိလည်း ပြုစုပျိုးထောင်ပြီးတော့ လူငယ်တွေ အများကြီးကို မွေးထုတ်နေဆဲ ဖြစ်တယ်ဆိုတာကို သိရတဲ့အတွက် ကျနော့်အနေနဲ့၊ ကျနော်တို့ PRCF အနေနဲ့ များစွာ ဂုဏ်ယူပါတယ်။

၂၀၂၁ အာဏာသိမ်းပြီးနောက် ဖက်ဒရယ်ဖော်ဆောင်ရေး ပြည်သူ့ကိုယ်စားလှယ်များကော်မတီ စဖွဲ့ဖို့ အမြူတေကာလမှာကိုက DPNS ခေါင်းဆောင်တွေနဲ့ ဖက်ဒရယ်ဖော်ဆောင်ရေးကော်မတီဟာ အဓိက နိုင်ငံရေးမူကြီးဖြစ်တဲ့ စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ရေး၊ ၂၀၀၈ ဖျက်သိမ်းရေး၊



ဖက်ဒရယ်ဒီမိုကရေစီ ဖော်ဆောင်ရေးဆိုတဲ့မူကို ချမှတ်နိုင်ခဲ့ပြီး ယနေ့တိုင် စွဲစွဲမြဲမြဲ ဒီလမ်းပေါ်မှာ လျှောက်နေကြပါတယ်။ ယနေ့ကာလမှာ ပြည်သူလူထုနဲ့ နိုင်ငံအတွက် အလိုအပ်ဆုံးသော နိုင်ငံရေးမူဝါဒတွေလည်းဖြစ်တယ်။ ဒီအတွက်လည်း ကျနော်တို့ရှေ့မှာ လက်တွဲပြီးတော့ အကောင်အထည်ဖော်သွားရမှာ ဖြစ်တယ်ဆိုတာကို ဒီကနေ့အခမ်းအနားမှာ ပြောကြားလိုပါတယ်။

တဆက်တည်းမှာ DPNS ဟာ PRCF ရဲ့ အဖွဲ့ဝင်တဦး ဖြစ်သလို၊ လက်တွဲဖော် မဟာမိတ်လည်းဖြစ်တယ်။ အဲ့ဒီအတွက်ဆိုလို့ရှိရင် ကျနော်တို့ PRCF ရဲ့ စံနှုန်းတွေဖြစ်တဲ့ ဒီမိုကရေစီအခွင့်အရေး၊ Gender တန်းတူရေး၊ အခြေခံလူ့အခွင့်အရေး၊ စုံလင်ကွဲပြားမှုကို လက်ခံခြင်း၊ သဟဇာတဖြစ်ခြင်း၊ ညီညွတ်ခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ လူနည်းစုအခွင့်အရေးကို ကာကွယ်ခြင်း စသည့် ကဏ္ဍပေါင်းစုံတွင်လည်း ကျနော်တို့ဟာ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

တဆက်တည်းမှာပြောချင်တာက ကျနော်တို့ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတနိုင်ငံဖြစ်တယ်။ အင်အားကြီးနိုင်ငံတွေ အပါအဝင် အိမ်နီးချင်းနိုင်ငံတွေနဲ့လည်း ဆက်စပ်လျက်ရှိတယ်။ သို့သော် ယနေ့နိုင်ငံရေးအရ အာဆီယံမူဝါဒတွေသော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံတွေအနေနဲ့ ကျနော်တို့နိုင်ငံ၊ ကျနော်တို့ပြည်သူ၊ ဒီမိုကရေစီဖြစ်စဉ်တွေမှာ အိမ်နီးချင်းနိုင်ငံတွေ အပါအဝင် အာဆီယံနိုင်ငံတွေကနေပြီးတော့ ပြုမူဆက်ဆံမှုတွေကလည်း ပြောင်းလဲဖို့သင့်တယ်။ တချို့တချို့သော နိုင်ငံတွေရဲ့ ဖိအားတွေဟာ ကျနော်တို့ပြည်သူတွေ၊ တိုင်းရင်းသားတွေအပေါ်မှာ စိုးရိမ်လောက်အောင်အထိ တုန်လှုပ်မှုကို ခံစားရတယ်။ အဲ့ဒီဟာတွေကို ဒီကနေ့ DPNS ရဲ့ မွေးနေ့မှာ ကျနော့်အနေနဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေကို ကိုယ်စားပြုတဲ့အနေနဲ့ ဒီအပြုအမူကို ပြင်ဖို့၊ ပြည်သူကို မျက်မှောက်ပြုဖို့၊ ကျနော်တို့ပြည်သူတွေဟာ နယ်နမိတ်ချင်းဆက်စပ်နေတဲ့ နိုင်ငံမှာ ရေရှည်အတွက် အမုန်းတရားတွေမဖြစ်ဖို့၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးဆိုတဲ့မူကို ဂရုစိုက်ဖို့ ကျနော့်အနေနဲ့ တိုက်တွန်းပြောကြားလိုပါတယ်။

အချုပ်အားဖြင့် ကျနော်ပြောလိုတာက ကျနော်တို့ဟာ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီကို ဖော်ဆောင်တဲ့အခါမှာ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ပြည်နယ်များဖြင့် တည်ဆောက်ရမှာဖြစ်တယ်။ အဲ့လိုတည်ဆောက်မှသာ ကျနော်တို့နိုင်ငံဟာ ငြိမ်းချမ်းပြီး၊ ရေရှည်တည်တံ့သော၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတခုဖြစ်လာမယ်။ အဲ့ဒီဟာတွေလုပ်ဖို့ဆိုရင် ကျနော်တို့ရဲ့ အဓိကမူကြီးဖြစ်တဲ့ စစ်အာဏာရှင်စနစ်အပါအဝင် ကျနော်တို့နိုင်ငံမှာ မည်သည့်အခါမှ အာဏာရှင်စနစ် မပေါ်ပေါက်ဖို့ အရေးကြီးပါတယ်။ အာဏာရှင်စနစ်ကို အထောက်အကူပြုနေတဲ့ ဖွဲ့စည်းပုံအပါအဝင် မလိုလားအပ်တဲ့ အမိန့်အာဏာတွေကို ဖယ်ရှားပစ်ရမှာဖြစ်ပါတယ်။ နောက် တိုင်းရင်းသားတွေ အပါအဝင် နိုင်ငံမှာရှိတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေက နေပြီးတော့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲပြီး၊ အတူလက်တွဲပြီးတော့ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဖော်ဆောင်ဖို့အတွက် အရေးကြီးတယ်ဆိုတာကို ကျနော့်အနေနဲ့ ပြောချင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ (DPNS) လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ၃၆ နှစ်ပြည့်ကနေပြီးတော့ အားကောင်းမောင်းသန်နဲ့ ရှေ့မှာ၊ အနာဂတ်မှာ ပြည်ထောင်စုအတွက် အားထားလောက်တဲ့ ဒီမိုကရက်တစ်ပါတီအနေနဲ့ အဓွန့်ရှည်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း အဆုံးသတ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

■

# မတရားမှုကို ကြံ့ကြံ့ခံတွန်းလှန်နေသည့်အမျိုးသမီးများ (အပိုင်း – ၁)

## ဒေါ်နှင်းနှင်းမွေး (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)

သံလွင်ခက် (ကွပ်ပျစ်စကားဝိုင်း) အောက်တိုဘာ၊ ၂၈၊ ၂၀၂၄

**မေး။ ။ ခေတ်တွေ ပြောင်းလဲလာတာနဲ့အမျှ အမျိုးသမီးတွေရဲ့ ဦးဆောင်မှုအခန်းကဏ္ဍက မြင့်လာတယ်။ ကဏ္ဍအသီးသီးမှာလည်း ရှိနေပြီ။ အထူးသဖြင့် ကျမတို့ ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်နေတဲ့အထဲမှာဆိုရင် အမျိုးသမီးတွေက နေရာတိုင်းမှာ ထိပ်ဆုံးကပါဝင်နေတယ်။ သပိတ်မှာပဲဖြစ်ဖြစ် တော်လှန်ရေးမှာပဲပြောပြော ဖွံ့ဖြိုးတိုးတက်ရေးမှာပဲပြောပြော အမျိုးသမီး တက်ကြွလှုပ်ရှားသူတွေက အများကြီး ရှိနေတယ်။ လက်ရှိ ဒီနိုင်ငံရေးမှာ ပါဝင်နေတဲ့ အမျိုးသမီးတွေအနေနဲ့ အခြေအနေ ဘယ်လိုရှိနေလဲ။ သူတို့ရဲ့စိန်ခေါ်မှုတွေက ဘာလဲဆိုတာကို ဆရာမအနေနဲ့ ကနဦး ပြောပြပေးပါလား။**

**ဖြေ။** ။ ကျမတို့နိုင်ငံမှာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲအသီးသီးမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှုက တကယ့်ကို ထဲထဲဝင်ဝင်ပါဝင်ခဲ့ကြတယ်။ ခေါင်းဆောင်ခဲ့ကြတဲ့ အခန်းကဏ္ဍလည်း ရှိတယ်။ ဒါပေမဲ့ သမိုင်းမှတ်တမ်းတင်တဲ့ နေရာမှာတော့ တစုံတရာ အားနည်းချက်ရှိတယ်လို့ ယူဆတယ်။ တပြိုင်နက်တည်းဆိုသလိုပဲ ကျမတို့လူမှုအဖွဲ့အစည်းမှာ အမျိုးသမီးများက နောက်ကွယ်ကနေ ပံ့ပိုးသူအဖြစ် ပိုပြီးတော့အားသန်ကြတယ်၊ အားသာကြတယ်လို့ထင်တယ်။ သင်ကြားချက်တွေမှာဆိုရင်လည်း အမျိုးသားများကို ရှေ့တန်းတင်တဲ့ပုံစံမျိုးတော့ ဖြစ်ခဲ့တယ်။ မီဒီယာစာမျက်နှာထက်မှာ၊ သမိုင်းမှတ်တမ်းထဲမှာ ပါဝင်တဲ့အရေအတွက်ကတော့ နည်းခဲ့တယ်။ အမျိုးသမီးတွေပါဝင်မှုက ၈၈ မှာ ပိုပြီးတော့များလာတာ တွေ့ရတယ်။ ၂၀၂၁ နွေဦးတော်လှန်ရေးမှာကျတော့ မီဒီယာတွေ အားကောင်းလာတာ၊ မှတ်တမ်းတင်နိုင်တာနဲ့ တပြိုင်နက်တည်းဆိုသလိုပဲ အမျိုးသမီးများရဲ့ပါဝင်မှုက သိသိသာသာ အားကောင်းလာတာ တွေ့ရတယ်။ အရင်တုန်းကရှိခဲ့တဲ့ ငါတို့က နောက်ကွယ်ကပဲ နေမယ်။ အမျိုးသားတွေ၊ ပါဝင်သူတွေကို ပံ့ပိုးပေးမယ်ဆိုတဲ့ အတွေးအခေါ်ဟောင်းတွေကနေ တဆင့်တက်လာပြီးတော့ အမျိုးသမီးတွေ ဒီထက်ပိုပြီး ထဲထဲဝင်ဝင် ပါဝင်လာကြတယ်။ ပြီးတော့ ခေါင်းဆောင်မှုအပိုင်းမှာပါ ထင်ထင်ရှားရှား တွေ့ကြရတယ်။

အရင်တုန်းကဆိုရင် ကိုယ့်ရဲ့ဆွေမျိုးသားချင်းတွေထဲက တောခိုမယ်၊ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကို သွားမယ်ဆိုရင် စိုးရိမ်ပူပန်မှုနဲ့ တားမြစ်ကြတာမျိုး တွေ့ခဲ့ဖူးတယ်။ သို့သော်လည်း ၂၀၂၁ နွေဦးတော်လှန်ရေးမှာတော့ စစ်အုပ်စုရဲ့ အင်မတန် ဆိုးရွားရက်စက်ကြမ်းတမ်းတဲ့ ဖိနှိပ်မှုအောက်မှာ အမျိုးသမီးတွေကိုယ်တိုင်က တော်လှန်ရေးမှာ ပါဝင်လာကြသလို မိမိတို့ရဲ့မိသားစုဝင်တွေက တော်လှန်ရေးမှာ ပါဝင်မယ်ဆိုတဲ့ ကိစ္စတွေကို သူတို့ကိုယ်တိုင် အားပေးတယ်ဆိုတာ တွေ့ရတယ်။ ဒီလောက်ဆိုးတဲ့၊ ဒီလောက်ယုတ်မာတဲ့၊ ဒီလောက်စစ်ရာဇဝတ်မှု ကျူးလွန်တဲ့သူတွေရဲ့လက်ထဲမှာ ဒီနေ့ ဖမ်းသွားတယ်၊ မနက်ဖြန်ဆိုရင် အလောင်းပဲရတယ်။ တချို့ဆိုရင် အလောင်းတောင်မရလိုက်ဘူး။ ကိုယ့်မိသားစုဝင်ရဲ့

မျက်နှာတောင် မမြင်လိုက်ရဘူးဆိုတဲ့ အခြေအနေမျိုးမှာ ဒီလိုမျိုးတော့ အဖြစ်မခံနဲ့ မင်းတို့ရဲ့အသက်တွေ အလဟ၊ အဖြစ်မခံနဲ့ တော်လှန်ရေးမှာ ပါဝင်ကျဆုံးရတာက ဂုဏ်ရှိတယ်ဆိုတာမျိုး အားပေးတယ်။ ကိုယ်ကိုယ်တိုင်လည်း ပါတယ်ဆိုတာ တွေ့ရတယ်။ အဲ့ဒီတော့ ပြောရမယ်ဆိုရင် အမျိုးသမီးတွေရဲ့ ပါဝင်မှုက အရင့်အရင်ခေတ်တွေနဲ့မတူဘဲ သိသိသာသာကို အားကောင်းလာတယ်။ ပိုပြီးတော့လည်း ထဲထဲဝင်ဝင် ဖြစ်လာတယ်။ ခေါင်းဆောင်မှုအပိုင်းမှာလည်း အများကြီးပါလာတယ် ဆိုတာကို တွေ့ရပါတယ်။

**မေး။ ။ ကူညီသူနဲ့ နစ်နာသူတွေ၊ ခံရတဲ့သူတွေကြားထဲမှာ ကူညီပေးမှုအပိုင်းတွေ ဟန်ချက်ညီမှု ဥပမာဆိုရင် NUG ပဲပြောပြော အမျိုးသမီးအဖွဲ့ပဲပြောပြော အဲ့ဒီ ဟန်ချက်ညီမှုအပိုင်းကို ဆရာမ ဘယ်လိုမြင်လဲ။**

**ဖြေ။** ။ ကူညီတယ်ဆိုတာ တကယ်တမ်း အကူအညီလိုအပ်တဲ့သူတွေဆီကို ထိထိရောက်ရောက် ရောက်သွားနိုင်ဖို့ လိုတယ်လို့ မြင်ပါတယ်။ ကူညီတဲ့သူတွေကလည်း ကူညီတဲ့အခါမှာ တကယ်လိုအပ်နေတဲ့ နေရာတွေက ဘယ်နေရာတွေလဲ၊ ဘယ်သူတွေလဲ၊ ဘယ်အဖွဲ့အစည်းတွေလဲ သေချာသိဖို့ လိုပါတယ်။ အဲ့လိုမဟုတ်ဘဲ တကယ်တမ်း အကူအညီ မလိုအပ်တဲ့နေရာတွေကို အကူအညီပေးလိုက်မယ်ဆိုရင် အလဟ၊ ဖြစ်မှာပေါ့။ ဒါကြောင့်မို့လို့ အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မှုက တော်လှန်ရေးတစ်ခုလုံးမှာရော၊ လာမယ့် ကျမတို့နိုင်ငံရဲ့ အနာဂတ်မှာရော အင်မတန်အရေးကြီးတဲ့ ကိစ္စဖြစ်တယ်လို့ မြင်ပါတယ်။

အခုဆိုရင် နစ်နာတဲ့သူတွေက နိုင်ငံနဲ့တဝှမ်း အများကြီးရှိနေပါတယ်။ စစ်အုပ်စုရဲ့ ယုတ်မာ ပက်စက်မှုတွေကြောင့် ကျမတို့နိုင်ငံမှာ အရင့်အရင်ထက်ပိုဆိုးပြီး လူဦးရေသန်းပေါင်းများစွာ ဒုက္ခရောက် နေတဲ့ အခြေအနေဖြစ်နေတယ်။ မင်းအောင်လှိုင်စစ်အုပ်စုဟာ လူတန်းစားမရွေး၊ အယုတ်အလတ် အမြတ်မရွေး သူ့ပေါ်မှာ နည်းနည်းလေး ပြောတာနဲ့ တပြိုင်နက်တည်း အရေးယူတဲ့ အခြေအနေတွေကို အများကြီး တွေ့ရတယ်။ ကျမက နိုင်ငံရေးအကျဉ်းသူဟောင်းဖြစ်တယ်၊ နှစ်ကြိမ် ထောင်ကျဖူးတယ်။ ကျမတို့တုန်းက ရင်ဆိုင် ကြုံတွေ့ခဲ့ရတဲ့ အခြေအနေတွေက တော်တော်ကိုပဲ ကြမ်းတမ်းခက်ခဲခဲ့ပါတယ်။ အမျိုးသမီးတယောက်အနေနဲ့ အခက်အခဲတွေ အများကြီး ကြုံခဲ့ရတယ်။ အခုအခြေအနေက အဲ့ဒီထက်ကို အများကြီးပိုပြီး ဆိုးဝါးတဲ့ အခြေအနေတွေ ကြုံနေကြရတယ်။ လိင်ပိုင်းဆိုင်ရာ ကျူးလွန်နှောက်ယှက်မှုတွေ ထိပါးမှုတွေ ကြုံနေရတယ်။ အမျိုးသမီးအကျဉ်းသူတွေ၊ အမျိုးသမီးတွေအပြင် အမျိုးသားတွေပါ ကျူးလွန် ခံရတဲ့ အခြေအနေဆိုတော့ တော်တော်ကို ကမ်းကုန်သွားပြီ။

နောက်တခုကတော့ တော်လှန်ရေးစကတည်းက ဒါဟာ အစိုးရအချိန်းအပြောင်းသာ မဟုတ်ဘူး။ ခေတ်ပြောင်းစနစ်ပြောင်းတော်လှန်ရေး ဖြစ်တယ်လို့ ကြွေးကြော်ခဲ့ကြတယ်။ အတွေးအခေါ်တော်လှန်ရေး ဖြစ်တယ်လို့ ပြောခဲ့ကြတယ်။ အတွေးအခေါ်တော်လှန်ရေးလို့ ပြောကြတော့ တကယ် တော်လှန်နိုင်ဖို့လည်း လိုပါတယ်။ စစ်တပ်က နှစ်ပါင်းများစွာ ရိုက်သွင်းခဲ့တဲ့ကိစ္စတွေ အများကြီးရှိတယ်။ ကျမတို့ လူမှုအဖွဲ့အစည်း ကနေ သွန်သင်ခဲ့တဲ့ ကိစ္စတွေလည်း အများကြီးရှိတယ်။ အမျိုးသမီးထုရဲ့ ပါဝင်မှုကလည်း အရင်တုန်းက နောက်မှာ နေခဲ့ကြရာကနေ ရှေ့ကိုထွက်လာကြတဲ့ အခြေအနေမျိုးဖြစ်တယ်။ အမျိုးသမီးထုမှာ ထူးခြားတဲ့ စွမ်းအင်ရှိတယ်လို့ ကျမမြင်တယ်။ ကြမ်းတမ်းပြင်းထန်တဲ့ လူမှုလက်တွေ့၊ စစ်ဘေးဒုက္ခလက်တွေ့ တွေမှာဆိုရင် အမျိုးသမီးတွေက အဲ့ဒီ အခြေအနေတွေကို ဟန်ချက်ညီအောင် ဘယ်လို ထိန်းညှိပြီးတော့

ဒီအခြေအနေက လွန်မြောက်အောင် ဘယ်လို လုပ်ရမယ်ဆိုတဲ့ စွမ်းအင်တွေ ရှိတယ်ဆိုတာ တွေ့ရတယ်။ ကျမတို့ကြားထဲမှာရှိတဲ့ ဟန်ချက်ညီ ချိတ်ဆက်မှုနဲ့ တကယ်လက်တွေ့ မြေပြင်မှာလိုအပ်တဲ့ အကူအညီတွေ ထိထိရောက်ရောက် ပေးနိုင်ဖို့ လိုအပ်တယ်လို့ ယူဆတယ်။ အခြေအနေအမျိုးအမျိုးကြောင့် အခက်အခဲတွေ ရှိနိုင်ပါတယ်။ ဒါပေမဲ့ အဲ့ဒီ အခက်အခဲတွေကို ဘယ်လို ကျော်နိုင်မလဲဆိုတာ ကျမတို့ လူမှုလက်တွေ့က သင်ပေးလိုက်တယ်။ တော်လှန်ရေးလက်တွေ့က သင်ပေးလိုက်တယ်။ တော်လှန်ရေးစခါစမှာဆိုရင် အမျိုးသမီးတွေ ရှေ့ကနေ အလံကိုင်ပြီးထွက်ခဲ့ကြတာပဲ။ အလုပ်သမားအမျိုးသမီးတွေပါတယ်။ ကျမတို့ပါတီက လူငယ်အမျိုးသမီးတွေပါတယ်။ အမျိုးသားတွေလည်း ပါတယ်။ အဲ့လို ထွက်ခဲ့ကြတဲ့ အခြေအနေက နေပြီးတော့ ဒီအခြေအနေရောက်လာတဲ့အချိန်မှာ ပြန်ပြီး ဆန်းစစ်ကြည့်မယ်ဆိုရင် လက်နက်ဆိုလို့ အပ်တိုတချောင်းတောင် မရှိတဲ့အခြေအနေကနေ အခု ကျမတို့ဆီမှာ လက်နက်တစုံတရာ ရှိလာတယ်၊ ပြီးတော့ စစ်ရေးစွမ်းရည် တစုံတရာ မြင့်တက်လာတယ်။ ဗမာပြည်အရေးမှာ စစ်အုပ်စုနဲ့ စေ့စပ်ကြပါ၊ ညှိနှိုင်းကြပါ။ ရွေးကောက်ပွဲလုပ်ကြပါလို့ ပြောနေကြရာမှာ စစ်အုပ်စုက တကယ်တမ်းမှာဆို စိတ်ထားမမှန်ဘူး။ စေ့စပ်ညှိနှိုင်းလိုစိတ် သန္ဓေမရှိဘူးဆိုတာကိုလည်း သိထားကြဖို့လိုတယ်။

အကူအညီလို့ ပြောတဲ့နေရာမှာ တော်လှန်ရေးအဖွဲ့အစည်းတွေ အချင်းချင်းကြားထဲက အကူအညီတွေအပြင် နိုင်ငံတကာအကူအညီတွေက တကယ်တမ်းမှာ ထိရောက်ရဲ့လား။ အဲ့ဒါကိုလည်း သေချာသိဖို့ လိုလိမ့်မယ်။ ဘာ့ကြောင့်လဲဆိုတော့ တချို့နိုင်ငံကြီးတွေဆိုရင် စစ်အုပ်စုနဲ့ ချိတ်ဆက်နေတာ ကျမတို့ တွေ့ရတယ်။ အမှန်တကယ်ဆိုရင် ကျမတို့ရဲ့ တော်လှန်ရေးအခြေအနေဟာ ပြည်သူလူထုပါဝင်မှု အင်မတန်အားကောင်းတဲ့ အခြေအနေဖြစ်တယ်။ အာဏာရှိသူတွေ၊ အာဏာဆုပ်ကိုင်ထားသူတွေကိုပဲ ဆက်စပ်မယ် ဆောင်ရွက်မယ်ဆိုရင် သူတို့ရဲ့မဟာဗျူဟာကိုက မှားနေတယ်၊ လွဲနေတယ်တယ်လို့ မြင်တယ်။ ဒါကြောင့်မို့လို့ ရေရှည်အတွက်ဆိုရင် ဒီနိုင်ငံမှာရှိတဲ့ ပြည်သူတွေကြားမှာ ဆက်စပ်ဖို့လိုတယ်၊ ကူညီပေးဖို့လိုတယ် ဆိုတဲ့အချက်ကို နိုင်ငံတကာက သတိပြုဖို့ တိုက်တွန်းချင်တယ်။ ဘယ်အကူအညီမျိုးမဆို အကူအညီလိုသူနဲ့ အကူအညီပေးမယ့်သူတွေကြားထဲမှာ သေသေချာချာ ဟန်ချက်ညီညီ လုပ်နိုင်မှသာလျှင် တကယ်တမ်း ထိရောက်တဲ့ကိစ္စ ဖြစ်နိုင်မှာပါ။

ငြိမ်းချမ်းရေးကိုလည်း ကျမတို့က ပိုလိုချင်တာပေါ့။ အခုဆို ကျမတို့ အိုးပျောက် အိမ်ပျောက်ရတယ်၊ နိုင်ငံပျောက်ရတဲ့သူတွေ ရှိတယ်။ တော်လှန်ရေးပြီးတဲ့အခါကျရင် ကိုယ့်အိမ်ကိုယ်ပြန်ကြမယ်လို့ အကုန်လုံးက ရည်ရွယ်ထားကြတာ။ စစ်ဘေးဒုက္ခသည်စခန်းတွေ၊ လွတ်မြောက်ရာဒေသတွေမှာ ခိုလှုံကြရတဲ့သူတွေ ရှိတယ်။ ဒါမျိုးတွေ အများကြီးရှိတော့ တကယ်တမ်း ငြိမ်းချမ်းရေးလိုချင်တာ ကျမတို့ပါ။ အဲ့ဒီသူတွေရဲ့ စကားသံကို သူတို့ နားထောင်စေချင်ပါတယ်။

■

ပြန်လည်ဖော်ပြချက်
True News Journal
အတွဲ ၈၊ အမှတ် ၉။ (၁၂၊ ၁၊၂၀၁၆။)




# ပြည်နယ်ပေါင်းစုပြည်ထောင်စုတည်ဆောက်ရေး

(ဒုတိယပိုင်း)

ဇော်ဇော်ထွန်း

### အာဏာခွဲပိုင်းခြားကျင့်သုံးရေး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) ခေါင်းဆောင်များက ၁၉၉၀ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် သဘောတူ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည့် သမိုင်းဝင် ''ဗိုလ်အောင်ကျော်လမ်းကြေညာချက်'' အပိုဒ် ၄ (ဂ) ၌ – ''တိုင်းရင်းသား လူမျိုးများသည် လူမျိုးရေးတန်းတူညီမျှမှု၊ နိုင်ငံရေးတန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိစေရမည့်အပြင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အာမခံချက်ရှိသော ပြည်ထောင်စုကို တိုင်းရင်းသား အားလုံး သွေးစည်းညီညွတ်စွာ ထူထောင်ရန် လိုအပ်ကြောင်း'' ဟူ၍ သဘောတူညီချက်ကို ဖော်ပြခဲ့သည်။ မာနယ်ပလောစာချုပ် အပိုဒ် ၅ တွင် ''တိုင်းရင်းသားလူမျိုးအားလုံး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိသည့် ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေး အပြည့်အဝရှိသည့် ဖယ်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားမည်။'' ဟု ပါရှိသည်။ ၁၉၉၇ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သော ပထမအကြိမ် တိုင်းရင်းသားလူမျိုးများ နှီးနှောဖလှယ်ပွဲက ထုတ်ပြန်ခဲ့သည့် ''မယ်သရောထာ သဘောတူညီချက်'' တွင်လည်း ''လူမျိုးတိုင်း တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကျင့်သုံးရန်'' နှင့် ''ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်'' ဟူသည့်အချက်များ ပါရှိသည်။ ဤအချက်များကို ကြည့်လျှင် တိုင်းရင်းသားလူမျိုးစုများအားလုံး၏ လိုလားချက်မှာ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို

အာမခံသည့် ဖယ်ဒရယ်ပြည်ထောင်စုထူထောင်ရေးဖြစ်သည်။ သို့ဆိုပါက ဗမာအပါအဝင် တိုင်းရင်းသား လူမျိုးများအကြား တနည်းအားဖြင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြား တန်းတူညီမျှသည့် အာဏာခွဲဝေကျင့်သုံးရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိရေးမှာ အနာဂတ်ဖယ်ဒရယ်ပြည်ထောင်စု၏ အဓိကကျသည့် အခြေခံအုတ်မြစ် ဖြစ်သည်။

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြား တန်းတူညီမျှသည့် အာဏာခွဲဝေကျင့်သုံးရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိရေးအား လက်တွေ့အကောင်အထည်ဖော်ရာတွင် အာဏာခွဲဝေပိုင်းခြားရေးအား ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အတိအကျ သတ်မှတ်ပြဋ္ဌာန်းထားနိုင်ရေးမှာ အရေးကြီးလှသည်။ ပြည်ထောင်စုနှင့် အဖွဲ့ဝင်ပြည်နယ်များအကြား အာဏာကို မည်သို့ခွဲဝေပိုင်းခြားထားမည် ဆိုသည့် ကိစ္စရပ်ဖြစ်သည်။ ထို့အတွက် အာဏာခွဲဝေပိုင်းခြားရေး အခြေခံသဘောထားများအား နိုင်ငံရေး သဘောတူညီချက်များအဖြစ် အခိုင်အမာ ရရှိထားရေးအတွက် အကြေအလည် ညှိနှိုင်းဆွေးနွေးရမည့် ကာလသို့ ရောက်ရှိလာတော့မည်ဖြစ်သည်။

ဖယ်ဒရယ်ပြည်ထောင်စုတရပ်အတွက် အာဏာခွဲဝေပိုင်းခြားရေးကို စဉ်းစားမည်ဆိုပါက ၎င်းအား ဖွဲ့စည်းထူထောင်ထားသည့် အဖွဲ့ဝင်ပြည်နယ်များ၏ နောက်ခံအခြေအနေနှင့် စုစည်းပူးပေါင်းရသည့် အကြောင်းရင်းအပေါ် အခြေခံလေ့ ရှိကြသည်။ သမိုင်းကြောင်းအရ လွတ်လပ်သော ပြည်ထောင်များအဖြစ် အခိုင်အမာ တည်ရှိခဲ့ကြသူများက သမိုင်းအချိုးအကွေ့တခုတွင် ဘုံအကျိုးစီးပွားအပေါ် အခြေခံ၍ မိမိ၏ သဘောဆန္ဒအလျှောက် ပူးပေါင်းလျက် တန်းတူရည်တူ ပြည်ထောင်စုတရပ်အဖြစ် အေးအတူအမှု အတူတကွ လက်တွဲနေထိုင်သွားကြရန် သဘောတူညီချက်ဖြင့် တည်ထောင်ကြသော ဖယ်ဒရယ်ပုံစံ ပြည်ထောင်စုများတွင် အာဏာခွဲဝေရာ၌ မူလအာဏာအခြေခံ  လက်ဝယ်ရှိသည့် (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိနေကြသည့် အဖွဲ့ဝင် ပြည်ထောင်များက ပြည်ထောင်စု၏ အများနှင့်ဆိုင်သော (ပြည်နယ်အားလုံးနှင့် ဆိုင်သော) အရေးအရာများအား ဆောင်ရွက်ပိုင်ခွင့်အတွက် ပြည်ထောင်စုသို့ တနည်းအားဖြင့် ဗဟိုသို့ လိုအပ်သည့် အာဏာများအား သတ်မှတ်အပ်နှင်းကြပြီး ကျန်ရှိသည့် အာဏာများကို သက်ဆိုင်ရာ ပြည်ထောင်များက ဆက်လက် စွဲကိုင်ထားကြသည့် ပုံစံမျိုးဖြစ်သည်။ ဤပုံစံမျိုးက အဖွဲ့ဝင်ပြည်နယ်များ၏ မူလအခြေခံ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးအား တင်းပြည့်ကျပ်ပြည့် အာမခံထားခြင်းဖြစ်သည်။ အခြား ပုံစံမှာ အဖွဲ့ဝင်ပြည်နယ်များသို့ လုပ်ပိုင်ခွင့်အာဏာများ အတိအကျ သတ်မှတ်ခွဲဝေ အပ်နှင်းထားလျှက် ပြည်ထောင်စုတွင် ကျန်အာဏာများကို ချုပ်ကိုင်ထားသည့် ပြည်ထောင်စုမျိုးလည်း ရှိသည်။ ယင်းသို့သော ပုံစံမျိုးတွင် အဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာ အကန့်အသတ်ဖြင့် ကျင့်သုံးပိုင်ခွင့်သာ ရှိနေပြီး ဗဟိုပြည်ထောင်စု အာဏာကသာ အဓိကဖြစ်နေသည်။ သို့ဖြစ်ရာ လူမျိုးစုများ၏လုပ်ပိုင်ခွင့်က လက်တွေ့ တွင် ပိုနေမည်သာဖြစ်သည်။ တန်းတူရေးဆိုသည်မှာလည်း မေးခွန်းထုတ်ဖွယ် ဖြစ်နေနိုင်သည်။

ဆက်စပ်၍ တင်ပြလိုသည်မှာ ဖယ်ဒရယ်ပုံစံ အာဏာခွဲပိုင်းခြားရေး (Division of Power) နှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး (Decentralization) မှာ သဘောတရားအရ မတူညီသည်ကို သတိထားရန် ဖြစ်သည်။ အခြေခံအားဖြင့် အာဏာသည် ဗဟိုတွင်သာ အခိုင်အမာ တည်ရှိပြီး ဗဟို၏ ကိုယ်စားလွှဲအပ်မှု (delegation) မှတဆင့် အဆင့်အဆင့် ဘေးသို့ဖြန့်ကား (သို့မဟုတ် အောက်ခြေသို့) ခွဲဝေထားခြင်း သဘောဖြစ်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် သဘောတရား အနှစ်သာရ ပါဝင်မှုမရှိပေ။

ဖယ်ဒရယ်မူဟု ထင်ရှားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးစာတမ်း၌ ''အခြေခံဥပဒေကို ပြင်ဆင်သည့်အခါ ပြည်ထောင်စုစစ်စစ်မူအတိုင်း ဗဟိုပြည်ထောင်စု အစိုးရအား အများနှင့်သက်ဆိုင်သောကိစ္စရပ်များအတွက်သာ အာဏာခွဲဝေပေးပြီး ပြည်နယ်များက ကျန်အာဏာများကို ချုပ်ကိုင်နိုင်ခွင့် ပေးရမည်။'' ဟူ၍လည်းကောင်း၊ ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ရန်ကုန်မြို့ ပြည်လမ်း အသံလွှင့်ခန်းမဆောင်၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံ လူမျိုးပေါင်းစုံ ပြည်ထောင်စုမူနှင့် ပတ်သက်သော နှီးနှောဖလှယ်ပွဲကြီးတွင် ပြည်နယ်များညီညွတ်ရေးအဖွဲ့ကိုယ်စား ရှမ်းပြည်နယ်ဥက္ကဋ္ဌ ဝန်ကြီးစဝ်ခွန်ချို၏ တင်ပြချက်တွင် ''ပြည်နယ်တိုင်းဟာ တန်းတူညီတူ အခွင့်အရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံပြုတဲ့ ပြည်ထောင်စုစနစ်မျိုး ဖွဲ့စည်းရေး ဖြစ်ပါတယ်။ (၄) ပြည်နယ်များက မိမိဆန္ဒအလျောက် လွှဲအပ်သောအာဏာများကို ပြည်ထောင်စုဗဟိုအစိုးရသို့ ကန့်သတ်ပေး၍ ကျန်အာဏာများကို ပြည်နယ်များတွင်ထားရှိရေးဟူ၍ လည်းကောင်း၊ မာနယ်ပလောစာချုပ် အပိုဒ် ၅ (ခ) တွင် ''ပြည်နယ်များမှ ပြည်ထောင်စုသို့ လွှဲအပ်ထားသောအာဏာများမှအပ ကျန်သောအာဏာများကို ပြည်နယ်များတွင် ထားရှိ၍ ပြည်နယ်အသီးသီးတွင်လည်း ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်မှုအာဏာ ကျင့်သုံးပိုင်ခွင့်ရှိရေး'' ဟူ၍လည်းကောင်း အသီးသီးဖော်ပြထားသည်ကို လေ့လာနိုင်သည်။

အထက်ဖော်ပြပါ သမိုင်းဝင်စာတမ်း အထောက်အထားများအရ တိုင်းရင်းသားလူမျိုးစုများ၏ ဆန္ဒသဘောထားများနှင့် ၎င်းတို့လိုလားသည့် အာဏာခွဲပိုင်းခြားရေး အခြေခံပုံစံကို သုံးသပ်နိုင်မည် ဖြစ်သည်။ အများနှင့်ဆိုင်သောကိစ္စရပ်များဆောင်ရွက်ရန် ပြည်ထောင်စုသို့ အာဏာသတ်မှတ်ပေးထားပြီး ကြွင်းကျန်အာဏာ(Residual Power)ကို ပြည်နယ်များတွင် ထားရှိရန်ဖြစ်သည်။ သို့ဖြစ်ရာ တိုင်းပြည်ရှိ နိုင်ငံရေး အင်အားစုအသီးသီး အထူးသဖြင့် ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်တွင် ပါဝင်ကြမည့် သက်ဆိုင်သူများ အကြေအလည် ဆွေးနွေးညှိနှိုင်းရပေမည်။ မေးခွန်းမှာ ကြွင်းကျန်အာဏာ (Residual Power) ကို မည်သည့်အဆင့်တွင် ထားမည်နည်း။ ပြည်ထောင်စုအဆင့်တွင်လား သို့တည်းမဟုတ် ပြည်နယ်များ တွင်လား။

ဆက်လက်၍ ဆွေးနွေးညှိနှိုင်းရန် လိုအပ်မည်မှာ ပြည်ထောင်စုအတွက် သတ်မှတ်ထားမည့် အာဏာများ၊ ပြည်နယ်များအတွက် သတ်မှတ်ထားသည့် အာဏာများ၊ ပြည်ထောင်စုနှင့် ပြည်နယ်များ နှစ်မျိုးစလုံးက ကျင့်သုံးပိုင်ခွင့်ရှိသည့် ထပ်တူပြုအာဏာများ (Concurrent Power) စသည်တို့နှင့် ပတ်သက်၍ ဖြစ်ပါသည်။ ပြည်ထောင်စုအား မည်သည့်ကဏ္ဍများအတွက် လုပ်ပိုင်ခွင့် မည်မျှပေးမည်။ ပြည်နယ်များက မည်သည့်အပိုင်းကို တာဝန်ယူမည် လုပ်ပိုင်ခွင့်မည်မျှရှိမည် အစရှိသဖြင့် ညှိနှိုင်း ဆုံးဖြတ်ကြရတော့မည်။

## နိဂုံး

ယခုစာစုတွင် တင်ပြခဲ့သည်များမှာ မကြာမီ ကျင်းပတော့မည့် ''ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ'' တနည်းအားဖြင့် တိုင်းပြည်က ရာစုနှစ်ဝက်ကျော်ကြာ ရင်ဆိုင်နေရသော ပြည်တွင်းစစ်ရပ်စဲ ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန်၊ ဒီမိုကရက်တစ်ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်

ဆွေးနွေးညှိနှိုင်းကြမည့် တွေ့ဆုံဆွေးနွေးပွဲတွင်သော်လည်းကောင်း၊ နောင်တွင် ဖြစ်ပေါ်လာမည့် အလားတူ ညီလာခံများတွင်သော်လည်းကောင်း အလေးထားကြရမည့် ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ဆိုင်ရာ အခြေခံအကျဆုံးဖြစ်သည့် အကြောင်းအရာ မေးခွန်းများကိုသာ လေ့လာဖော်ထုတ် တင်ပြထားခြင်း ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစု အင်အားစုများအပါအဝင် တိုင်းပြည်တွင်းရှိ အင်အားစုများက စိတ်ရှည်စွာ ပွင့်ပွင့်လင်းလင်း အပြုသဘောဆောင် ဆွေးနွေးကြရမည့် အကြောင်းအရာများလည်း ဖြစ်သည်။ သို့မှသာ တိုင်းပြည်တွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားသွေးစည်းညီညွတ်ရေးကို တည်ဆောက်ကာ တိုင်းပြည်အား ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းဆီသို့ ခေါ်ဆောင်သွားနိုင်မည့် အခြေခံကောင်းများ ချမှတ်နိုင်မည် ဖြစ်ပါသည်။

**ဇော်ဇော်ထွန်း**

---

## အပြည်ပြည်ဆိုင်ရာ
## အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးနေ့
## International Day for the Elemination of Volence Against Women

ဓာတ်ပုံကမ်ပိန်း(အပိုင်း–၁)



ပြန်လည်ဖော်ပြချက်

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဖွဲ့စည်းတည်ထောင်ခြင်း (၁၇) နှစ်မြောက် အထိမ်းအမှတ်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတာမလာဘော ပြောကြားသောမိန့်ခွန်း

ကျနော့်အနေနဲ့ အခုလို လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ၁၇ နှစ်မြောက်နေ့မှာ စကားပြောခွင့်ရတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ အခုလို တက်ရောက်လာကြတဲ့ အထူးသဖြင့် ရဟန်းပျို့ဥက္ကဋ္ဌ ဆရာတော်ကြီးကို အထူးလေးစားပါတယ်။ နောက်ပြီးတော့ တက်လာကြတဲ့ ခေါင်းဆောင်တွေ၊ အဖွဲ့အစည်း အသီးသီးက ခေါင်းဆောင်အားလုံးကိုလည်း လေးစားပါတယ်လို့ ဦးစွာပြောချင်ပါတယ်။

အမှာစကားအနေနဲ့ ပြောရမယ်ဆိုရင် ကျနော်တို့ရဲ့ အောင်မြင်ခြင်းဟာ စည်းလုံးခိုင်မာတဲ့၊ စုစည်းတဲ့ အင်အားကို ရရှိဖို့ဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ အဲ့ဒီတော့ ကျနော်တို့ ဒီ နအဖ စစ်အာဏာရှင်အပေါ် တွေးခေါ်တဲ့နေရာမှာ မှန်မှန်ကန်ကန် တွေးခေါ်တတ်ကြဖို့လိုတယ်။ အထူးသဖြင့် တော်လှန်ရေးကို ဆက်ပြီးတော့ တာဝန်ထမ်းဆောင်ရမယ့် လူငယ်တွေဟာ ယနေ့မှာ ပိုပြီးတော့ လေ့လာကြဖို့ လိုတယ်။ အထူးသဖြင့် လူငယ်တွေဟာ ခေတ်ပညာတတ်တွေ ဖြစ်ကြတော့ သေသေချာချာလေ့လာဖို့ လိုပါတယ်။

အဲ့တော့ အခုခေတ်မှာလည်း ပညာရှင်တွေအမျိုးမျိုး လာပြီးတော့ ကျနော်တို့ကို ဩဝါဒတွေ ပေးတယ်။ အသိတွေပေးတဲ့အပေါ်မှာ အတွေးအခေါ်တွေဟာ အမျိုးမျိုးပေါ်ထွက်လာတယ်။ တကယ့် ရန်သူကြီး ကျားကို သူတို့တကယ်ပဲ သိုးလေးလို အောက်မေ့နေကြတယ်။ အဲ့ဒါကြောင့် လူငယ်ပိုင်းတွေ တော်လှန်ရေးလုပ်တာ၊ နိုင်ငံရေးလုပ်တဲ့နေရာမှာ အများကြီးလုပ်ဖို့လိုတယ်။ လူငယ်ပိုင်းတွေဟာ ထက်မြက်တယ်။ စုစည်းရမယ်ဆိုတဲ့ သဘောတရားကို ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားဖို့ လိုတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျနော်တို့ဟာ ကာလတခုနဲ့ တခုက မတူဘူး။ အခုလိုကာလမှာ ကျနော်တို့ ကွဲကွဲပြားပြားနဲ့ ဟိုတစုဒီတစု လုပ်ပြီးနေမယ်ဆိုရင် အင်မတန် ကြမ်းတမ်းဆိုးဝါးတဲ့ ဒီရန်သူကို ဖယ်ရှားမယ်၊ ဖြိုခွဲမယ်ဆိုတာ မလွယ်ပါဘူး။ ကျနော်တို့တွေအားလုံး အကုန်လုံး သူစားသွားမှာဖြစ်တယ်။

ဒီအာဏာရှင်ဆိုတာ အဆိုးဆုံးရန်သူပဲ။ တပါတီအာဏာရှင်တွေဆိုတာက တော်သေးတယ်။ ဘာကြောင့်တော်သေးတယ်ဆိုရင် သူ့မှာ ပါလီမန်အတုအယောင်တွေ ရှိနေသေးလို့ပဲ။ အခု ဒီ စစ်အာဏာရှင်ဆိုတဲ့ အသိုင်းအဝိုင်းကျတော့ စစ်ဆိုတာက သူက အမိန့်တခုပဲ။ အကြီးဆုံးက ဒီလိုပဲ ဆောင်ရွက်မယ်ဆိုရင် ဒီလိုပဲ ဆောင်ရွက်တယ်။ ခင်ဗျား ဘာပဲသွားပြောပြော ဒါပဲ။ အဲ့တော့ အဲ့ဒီအပေါ်မှာ စိတ်ကူးမယဉ်ကြဖို့၊ အားလုံး တညီတညွတ်နဲ့ စုစုစည်းစည်းနဲ့ လုပ်ကြဖို့ တယောက်တမျိုး တွေးခေါ်ပြီးတော့ လုပ်နေရင်တော့ မရဘူး။ ဒါ ကျနော်ပြောရဲတယ်။

အခု ကျနော်တို့အနေနဲ့ ပြောမယ်ဆိုရင် တော်လှန်ရေးစဖြစ်ကတည်းက ရောက်လာတဲ့၊ လုပ်နေတဲ့ လူငယ်တွေဟာ ပညာတွေအများကြီး တတ်လာခဲ့တယ်။ ဆိုတော့ အဲ့ဒီပညာဟာ ကျနော်တို့ မြန်မာပြည်ကို တကယ့်ဒီမိုကရေစီနဲ့ တိုင်းရင်းသားအပါအဝင် အားလုံးမျှမျှတတ တရားမျှတတဲ့ ပြည်ထောင်စုတခု တည်ဆောက်သွားဖို့ ကြိုးစားသွားကြဖို့ လိုမယ်။ အဲ့ဒါမှ ဒီပြည်ထောင်စုကြီးဟာ သာယာမယ်၊ ဝပြောမယ်၊ ညီညွတ်မယ်၊ နောက်ပြီးတော့ တဦးနဲ့တဦး၊ တမျိုးနဲ့တမျိုး ချစ်ခင်ကြမယ်။ အဲ့ဒီလို ငြိမ်းချမ်းရေးမျိုးကို ကျနော်တို့ တည်ဆောက်ကြဖို့လိုတယ်။ အခု ငြိမ်းချမ်းရေးတွေ တည်ဆောက်မယ်၊ တည်ဆောက်မယ် ပြောတဲ့ ငြိမ်းချမ်းရေးတွေဟာ ငြိမ်းချမ်းရေးမဟုတ်ပါဘူး။

တိုင်းပြည်ကောင်းချင်ရင် အားလုံးခေါ်ပြီးတော့ စားပွဲဝိုင်းပေါ်မှာ ဆွေးနွေးမယ်ဆိုရင် ကောင်းပါတယ်။ ဒေါ်အောင်ဆန်းစုကြည်တို့ကိုလည်း တိုင်းပြည်ကို ဆူပူအောင်လုပ်လို့ဆိုပြီး ဖမ်းချုပ်ထားတယ်။ အခုတော့ တခါလာပြန်ပြီ။ လူမျိုးစုတွေများတယ်၊ အဲ့ဒါ ဒီမိုကရေစီလုပ်လို့မရဘူး၊ အီရတ်လို ဖြစ်သွားမယ်။ ဒါကြောင့်မို့လို့ လက်နက်သိမ်းရမယ်ဆိုတဲ့ အဲ့လို နည်းပရိယာယ်တွေအမျိုးမျိုးနဲ့ လှည့်စားနေတာတောင်မှ သူစိတ်ဆိုးအောင် သူ့ကို ကြီးကြီးကျယ်ကျယ် သွားမပြောပါနဲ့ဆိုတဲ့ အဲ့ဒီအတွေးအခေါ်တွေဟာ ဒီကာလမှာ မရှိသင့်ဘူး။ ရန်သူဟာ အင်မတန်ကြောက်စရာကောင်းတဲ့ ရန်သူဖြစ်တယ်။ ဒီရန်သူဟာ တပြားသားမှ လူတွေကို အကျိုးပြုမှာမဟုတ်ဘူး ဆိုတာကိုတော့ အားလုံး သိထားဖို့လိုလိမ့်မယ်လို့ ပထမ မှာကြားချင် တယ်။ ဒုတိယတချက်ကတော့ ကျနော်တို့ဟာ ဒီမိုကရေစီဆိုတဲ့နေရာမှာ ဒီမိုကရေစီဆိုပြီးတော့ ပရမ်းပတာ ဒီမိုကရေစီတွေ မဖြစ်ကြဖို့ သိပ်အရေးကြီးပါတယ်။ လေး ငါး ဆယ်ယောက် ထွက်ပြီးတော့ အဖွဲ့ကလေး တဖွဲ့ ဖွဲ့တယ်။ ရပါတယ်၊ ဒီမိုကရေစီနည်းအရ။ ဒါပေမဲ့လို့ ဒါတွေဟာ မမှန်ကန်ဘူး။

ဒီအားတွေဟာ နောက် ဒီမိုကရေစီတည်ဆောက်လာတဲ့အခါမှာ(Multi Party) ဘယ်လောက်ပဲ လုပ်လုပ် စားပွဲဝိုင်းမှာ ရှင်းရမယ်။ အများဆန္ဒ အခြေခံပြီးတော့ လုပ်ကြရမယ်။ တည်ဆောက်သွားရမယ့်ဟာ ဖြစ်တဲ့အတွက်ကြောင့် အခုကာလမှာပဲ ကျနော်တို့ စုစုစည်းစည်းနဲ့ လုပ်ကြဖို့၊ စုစည်းနိုင်ကြဖို့၊ ခိုင်ခိုင်မာမာနဲ့ ဘုံရန်သူကို ဘယ်လို ဦးတည်တိုက်ရမယ်ဆိုတဲ့ အဖြေလမ်းကြောင်းတခုရှာပြီးတော့ အဲ့ဒီအပေါ်မှာ ကျနော်တို့ ဒီလမ်းကြောင်းအတိုင်း လုပ်သွားကြဖို့၊ တိုက်သွားကြဖို့ လိုမယ်လို့ ပြောချင်တယ်။ နိုင်ငံတကာမှာ ရှိနေတဲ့ အဖွဲ့အစည်းတွေ တချို့ထဲမှာလည်း အားနည်းချက်တွေရှိနေတယ်။ အဲ့ဒါတွေကိုလည်း ကျနော်တို့က ပြန်ပြီးတော့ စုစည်းနိုင်အောင်၊ သဘောပေါက်အောင်၊ ပြန်ပြီးတော့ သတိပေးရမယ်။ ပြန်ပြီးတော့ ကျနော်တို့ တွဲခေါ်သွားရမယ်။

ထို့အတူ ဗမာပြည်ရဲ့ အဓိကဖြစ်နေတဲ့ တိုက်ပွဲဟာ နအဖကို တိုက်နေတဲ့တိုက်ပွဲ အဓိကတိုက်နေတဲ့ ရည်ရွယ်ချက် ၂ ခုပဲ ရှိပါတယ်။ အဲ့ဒီ ၂ ခုဟာ ဘာလဲဆိုရင် ပြည်ထောင်စု၊ ဖက်ဒရယ်ပြည်ထောင်စု၊ တရားမျှတတဲ့ အခြေခံမူပေါ့၊ ကျနော်တို့ ရရှိသွားနိုင်ဖို့နဲ့ ဒီမိုကရေစီကို မှန်မှန်ကန်ကန် ကျင့်သုံးသွားဖို့ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခုဟာက ဒီမိုကရေစီဆိုပြီးတော့ ကိုယ်လုပ်ချင်တဲ့ဟာကို ကိုယ်လုပ်သွားတာ။ အဲ့တော့ အများအကျိုးကိုထိခိုက်သလား၊ မထိခိုက်ဘူးလား။ ကိုယ်လိုချင်တာ အများက ခွင့်မပြုရင် ငါ့ဟာငါ ဒီမိုကရေစီရှိတယ်ဆိုပြီးတော့ အဲဒီလိုဟာတွေဟာ မမှန်ဘူး။ ရန်သူနဲ့ ရင်ဆိုင်နေတဲ့ ကာလမှာ ဒုတိယကမ္ဘာစစ်မှာ အရင်းရှင်နိုင်ငံတွေဟာ ကွန်မြူနစ်ကို တော်တော်ကြောက်တာ။ လက်တွေ့မှာ ကွန်မြူနစ်နဲ့ ပြန်ပေါင်းလာတယ်။ သူ့ထက်ဆိုးတဲ့ ဖက်ဆစ်ကရှိနေတယ်။ ဆိုတော့ ဖက်ဆစ်ကို အရင်းရှင်နဲ့

ကွန်မြူနစ်တွေဟာ တွဲတိုက်နေရတယ်။ ပြီးမှသာ သူတို့ပြဿနာ သူတို့ရှင်းကြတယ်။ ကျနော်တို့မှာလဲ ဒီလို သဘောထားဖို့၊ ဒါဘုံရန်သူဆိုရင် အဲ့ဒီ အတွေးအခေါ်ဟာ တခုတည်းညှိကြပါ။ တခုတည်းကို ကျနော်တို့ညှိပြီးရင် ဦးတည်ပြီးတော့ တိုက်သွားပါ။ အဲ့ဒီလို တိုက်နိုင်ရေးအတွက်လည်း ကျနော်တို့ တပ်ပေါင်းစုဆိုတဲ့ ဒီအဖွဲ့အစည်းကြီးကို ကျနော်တို့ ဖွဲ့စည်းတာပါ။ တပ်ပေါင်းစုအားနဲ့ တိုက်မယ်ဆိုရင် Single Command ဆိုတဲ့ ဒီအားကို ကျနော်တို့ စုစည်းလို့ရတယ်။ နို့မဟုတ်ရင် အားတွေဟာ ပျောက်နေတယ်။ တပ်ပေါင်းစုတွေကို ဖွဲ့စည်းကြတာ၊ အားကို မှန်မှန်ကန်ကန် ပြန်စုပြီးတော့ ဘုံရန်သူကိုရှာတာ၊ အဲ့ဒီ ဘုံရန်သူကို တိုက်တဲ့နည်းစနစ်ကို အဲ့ဒီတပ်ပေါင်းစုကနေ ချပြီးတော့ အများဆုံးဖြတ်ပြီး ဒါနဲ့ပဲ တိုက်ရမယ်။ ကျနော်တို့ အဲ့ဒီလိုပဲ ချီတက်တိုက်သွားမှပဲရမယ်။

အခု ကျနော်တို့ကတော့ ဘာပြောပြောပေါ့။ တဖက်ကလည်း ကျနော်တို့က (UN)နဲ့ ကမ္ဘာ့ ထောက်ခံမှုကိုလည်း လိုချင်တယ်။ ကမ္ဘာကလည်း သုံးပွင့်ဆိုင်၊ ကျနော်တို့ကလည်း သုံးပွင့်ဆိုင်ကို လုပ်မယ်။ လက်တွေ့မှာ ဘာမှလုပ်လို့မရဘူး။ လုပ်လို့မရတာ ဘာကြောင့်လဲ ပြန်စဉ်းစားဖို့လိုတယ်။ အဖြေရှာဖို့ လိုတယ်။ ရန်သူက ဒါမျိုး ဘယ်တော့မှမပေးဘူး။ ကျနော်တို့က ဖိအားများများဖိနိုင်မှ ဒီစားပွဲကို ရောက်လာမယ်။

မကြာခင်အချိန်က လူတချို့က ဖိအားပေးမှုဟာ ပြည်သူကိုထိရင်တော့ မဖြစ်ဘူး။ ပြည်သူတွေ ဒုက္ခရောက်တော့မယ်။ ငတ်နေပြီ၊ သေပြီဆိုပြီးတော့ လူမှုရေးကိုအခြေခံပြီးတော့ လုပ်သွားရင် တဖြည်းဖြည်းနဲ့ ပြန်ပြီးတော့ ဒီမိုကရေစီလိုင်းကို ရနိုင်မယ်ဆိုပြီး စိတ်ကူးယဉ်တဲ့အဖွဲ့တွေ ရှိတယ်။ အဲ့ဒါတွေကြောင့် ကျနော်တို့က အဖွဲ့နှစ်ဖွဲ့ဖြစ်နေတော့ အခက်အခဲရှိတယ်။ ဒီစုစည်းတဲ့အားနဲ့ တိုက်တော့မယ်ဆိုရင်၊ ရန်သူ အကြပ်အတည်းဖြစ်လာရင် အမြင်ကွဲလွဲမှုတွေ ပေါ်လာပြီး အခု ရန်သူ့အကြပ်အတည်းလည်းဖြစ်ရော နိုင်ငံတကာက ကျနော်တို့ဗမာပြည်သားတွေကပဲ ဟာ ဒီလိုလုပ်လို့မရဘူး။ မင်းတို့နိုင်ငံရေးအမြင်နဲ့ ကြည့်လို့ မရဘူး။ လူမှုရေးအမြင်နဲ့ ကြည့်ပြီးတော့လုပ်ရမယ်ဆိုတဲ့ အဲ့ဒီအတွေးအခေါ်တွေက ဖြစ်လာတဲ့အခါကျတော့ ရန်သူဟာ ထွက်ပေါက်ရသွားတယ်။

ကဲ ခုကျတော့ ဟိုတုန်းက ဒေါ်အောင်ဆန်းစုကြည်လည်း မလွှတ်ရဲ၊ လွှတ်ပေးပြောတော့ မလွှတ်ဘူး။ ကဲအခု ပေါ်လာပြီ လူမျိုးစုတွေက များနေတယ်။ အဲ့ဒီလက်နက်တွေကို ငါတို့သိမ်းပြီး ကုန်မှ ဒီမိုကရေစီ လုပ်လို့ရမယ် ဆိုပြီးတော့ တခါ လာလိမ်ပြီ။ အဲ့ဒါတွေ ကျွန်တော်တို့ ယုံကြည်စရာ မလိုဘူး။ ကျနော်တို့ အရင်တုန်းက ပြောနေတာပဲ။ မြန်မာပြည်ပြဿနာကို (UN Security) တင်ပြပါ ပြောတော့ ဟာ မလုပ်ပါနဲ့၊ ကိုယ်က ဒီလိုလုပ်လိုက်ရင် တခါမှ လုပ်လို့မရတော့ဘူး၊ ပြောနေကြတယ်။ တရုတ်ပြည် (UN) ဝင်ရေးမှာ တင်လိုက် ဗီတိုသုံးလိုက်၊ တင်လိုက် ဗီတို နောက်ဆုံးရသွားတာပဲ။

ဒါကြောင့် ကျနော်တို့ လုပ်ကြည့်ရမယ်။ အခုလည်း လုပ်နေတယ်။ အဲ့ဒီအပေါ်မှာလည်း ကျနော်တို့ အားလုံး အဖွဲ့အစည်းအသီးသီးက ထောက်ခံပြီးတော့ အားပေးရမယ်။ အဲ့ဒါတွေကို ကျနော်တို့ကတော့ တညီတညာတည်းလုပ်ဖို့ လိုအပ်မယ်။ နောက်ဆုံးအနေနဲ့ ကျနော်မှာကြားချင်တာက ဘာပဲဖြစ်ဖြစ် ကျနော်တို့ တော်လှန်ရေးသမားတွေ ဖြစ်နေပြီ၊ မကွဲသွားဖို့ လိုအပ်တယ်။ ကျနော်တို့က စုစည်းတဲ့အားနဲ့ ခိုင်ခိုင်မာမာနဲ့သာ စုစည်းမယ်။ ဒီတပ်ပေါင်းစုရဲ့ ချထားတဲ့အပေါ်မှာ ကျနော်တို့က ခိုင်ခိုင်မာမာ စုစုစည်းစည်း လက်တွဲပြီးတော့ ဆောင်ရွက်သွားမယ်ဆိုရင် အောင်ပွဲခံနိုင်ပါတယ်။ ကျနော်တို့ KNU အနေနဲ့ ပြောရမယ်

ဆိုရင် ကျနော်တို့ဥက္ကဋ္ဌကြီးက ပြောထားတယ်။ လက်နက်မချဖို့ လက်နက်ချဖို့စကားတောင် မပြောရဘူး ပြောထားတယ်။ မင်းတို့လက်နက် မင်းတို့လက်ထဲမှာရှိရင် ကရင်ပြည်ဟာ အသိအမှတ်ပြုခံရမယ်လို့ ညွှန်ပြခဲ့ပါတယ်။

ဒါကြောင့်မို့ ကျနော်တို့အခြေခံကတော့ စုစည်းမှု၊ ညီညီညွတ်ညွတ်နဲ့ လက်တွဲကြဖို့ ဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် ကျနော်တို့က ဘုံရန်သူကိုတိုက်ဖို့ နည်းလမ်းတခု ချထားလိုက်ပြီဆိုရင် အဲ့ဒီနည်းလမ်းအပေါ်မှာလည်း အားလုံးက တသွေမတိမ်းလိုက်နာပြီး ဆောင်ရွက်သွားမယ်ဆိုရင် ကျနော်တို့ အောင်ပွဲရသွားနိုင်တယ်။ ရကိုလည်း ရမယ်လို့ ကျနော် အလေးအနက် ပြောချင်ပါတယ်။

လူ့ဘောင်သစ်ဂျာနယ် (၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ)

■

---

## အပြည်ပြည်ဆိုင်ရာ
## အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးနေ့
## International Day for the Elemination of Volence Against Women

ဓာတ်ပုံကမ်ပိန်း(အပိုင်း–၂)

